LANDMINE & CLUSTER MUNITION

# MONITOR



# မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေး
# မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ

ဒီဇင်ဘာလ၊ ၂၀၂၃ ခုနှစ်

# LANDMINE & CLUSTER MUNITION MONITOR

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး အဖွဲ့သည် ICBL-CMC အတွက် သုတေသနလုပ်ငန်းများပံ့ပိုးပေးသော လူထုအခြေပြုအားထုတ်မှု တစ်ခုဖြစ်သည်။ ၁၉၉၉ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်များမှစ၍ ကမ္ဘာအဝှမ်း မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ ပြဿနာနှင့် အဖြေများကို အစီရင်ခံလာခဲ့သည်။

Monitor အဖွဲ့သည် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ရေးသဘောတူစာချုပ်နှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ သဘောတူစာချုပ်၏ အဓိက စောင့်ကြည့်လေ့လာရေး ယန္တရား တစ်ခုဖြစ်လာပြီး များစွာသော အလားတူ အခြေအနေများတွင် အသုံးပြုလာနိုင်သည့် လူထုအခြေပြု စစ်ဆေးရေးလုပ်ငန်း သဘောတရားတစ်ခု၏ တောက်ပသော သာဓက တစ်ခုလည်း ဖြစ်လာသည်။ ကမ္ဘာတစ်ဝှမ်းမှ လူပုဂ္ဂိုလ်များ၊ လှုံ့ဆော်မှုများနှင့် အဖွဲ့အစည်းများ၏ ကျယ်ပြန့်သောကွန်ရက်များသည် Monitor ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနလုပ်ငန်းကို အထောက်အကူပြုသည်။ Monitor သည် တစ်ကမ္ဘာလုံးအတွက် အကျိုးရှိစေရန် ၎င်းစောင့်ကြည့်လေ့လာသည့်အကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်အမှန်များကို စိတ်ထားမှန်ကန်စွာ ပံ့ပိုးပေးသည်။ ၎င်းသည် အရေးကြီးသောအချက်ဖြစ်ပြီး ၎င်း၏ မှတ်တမ်းတင်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှု လုပ်ငန်းများ အတွက်ပါ အပြုသဘောဆောင်သည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့အသည် သဘောတူစာချုပ်ဆိုင်ရာ နည်းပညာအတည်ပြုစနစ် သို့မဟုတ် တရားဝင် စစ်ဆေးရေးယန္တရားတစ်ခု မဟုတ်ပေ။ ၎င်းသည် စာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများ၏ အစီရင်ခံမှု လိုအပ်ချက်များကို ဖြည့်စွက်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အစီရင်ခံစာများသည် မြေမြှုပ်မိုင်းအကျပ်အတည်း၏အခြေအနေနှင့် အစိုးရမူဝါဒများ သို့မဟုတ် အလေ့အကျင့်များကို ပွင့်လင်းမြင်သာမှုရှိစေရန် ကြိုးပမ်းသည်။ ကျွန်ုပ်တို့၏အစီရင်ခံစာများသည် မြေမြှုပ်မိုင်းအကျပ်အတည်း၏အခြေအနေနှင့် စာချုပ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအတွင်း အစိုးရမူဝါဒများ သို့မဟုတ် အလေ့အကျင့်များကို ပွင့်လင်းမြင်သာမှုရှိစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

Monitor သည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများကြောင့် ဖြစ်ပွားသည့် ဘေးဒုက္ခများကို ချုပ်ငြိမ်းစေရန်နှင့် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ ကင်းစင်သောကမ္ဘာကို ထူထောင်နိုင်ရန် လူ့အသိုင်းအဝိုင်းအတွင်း ဆွေးနွေးမှုများ မြှင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

၂၀၂၃ခုနှစ် မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းအားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။

အကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန် အတွက်လည်း မိမိတို့ တောင်းဆိုပါသည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်း အချက်အလက် များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

ဤနိုင်ငံအစီရင်ခံစာကို MineFreeMyanmar.info မှ ရိုက်နိပ်ထုတ်ဝေပြီး PDF မိတ္တူများကို အင်တာနက်စာမျက်နှာတွင် ရရှိနိုင်ပါသည်။

မျက်နှာဖုံးဓာတ်ပုံ- ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် မြေမြှုပ်မိုင်းဒဏ်ကြောင့် ထိခိုက်ခံစားရသူများသည် ကရင်ပြည်နယ် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ဖာပွန်မြို့နယ် ခြေတုလက်တု ဆေးခန်းတွင် ခြေတုလက်တုများ လက်ခံရယူသည်။ မူပိုင်- Free Burma Rangers (ခွင့်ပြုချက်ဖြင့် အသုံးပြုသည်)။


မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့

www.the-monitor.org | www.burma.icbl.org

**ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံ အစီရင်ခံစာ၊ ဒီဇင်ဘာလ ၂၀၂၃ ခုနှစ်**

(ဒီဇင်ဘာလ ၂၀၂၃ ခုနှစ်။ ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံ အစီရင်ခံစာပါဝင်သည်။)


စာမျက်နှာ ၄ မူဝါဒ

စာမျက်နှာ ၆ ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

စာမျက်နှာ ၇ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှထုတ်လုပ်ခြင်း၊ လွှဲပြောင်းပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း

စာမျက်နှာ ၇ အသုံးပြုမှု

စာမျက်နှာ ၇ မြန်မာတပ်မတော်၏ အသုံးပြုမှု အသစ်များ

စာမျက်နှာ ၁၁ အမည်မသိ မိုင်းအသစ် အသုံးပြုမှုများ

စာမျက်နှာ ၁၂ ရက်စက်ကြမ်းကြုတ်မှု/အဓမ္မစေခိုင်း မိုင်းရှင်းလင်းခြင်း

စာမျက်နှာ ၁၃ ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက် မိုင်းအသုံးပြုမှု

စာမျက်နှာ ၁၅ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

စာမျက်နှာ ၁၈ အကျဉ်းချုပ်

စာမျက်နှာ ၁၈ မူဝါဒ

စာမျက်နှာ ၁၉ ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

စာမျက်နှာ ၂၁ အသုံးပြုမှု

စာမျက်နှာ ၂၂ သက်ရောက်မှု

စာမျက်နှာ ၂၂ ပြန့်နှံ့မှု

စာမျက်နှာ ၂၃ ထိခိုက်သေဆုံးမှုများ

စာမျက်နှာ ၂၅ တာဝန်ခံညှိနှိုင်းဆောင်ရွက်မှု

စာမျက်နှာ ၂၅ သက်ရောက်မှုများကို ဖြေရှင်းခြင်း

စာမျက်နှာ ၂၇ မိုင်းအန္တရာယ်ပညာပေးလုပ်ငန်း

စာမျက်နှာ ၃၀ မိုင်းသင့်ပြည်သူအကူအညီ

စာမျက်နှာ ၃၂ မိုင်းအရေးအထောက်အပံ့

စာမျက်နှာ ၃၃ မိုင်းအရေးအတွက် ငါးနှစ်တာ ကူညီထောက်ပံ့မှု

မြန်မာနိုင်ငံသည် မိုင်းတားဆီးပိတ်ပင်ရေး သဘောတူစာချုပ်တွင် ပါဝင်ရန် စိတ်ပါဝင်စားကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင် စာချုပ်ကို မြှင့်တင်အားပေးသည့် နှစ်စဉ် ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သော်လည်း မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းများကို ဆက်လက်ထုတ်လုပ် သုံးစွဲနေဆဲဖြစ်သည်။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs)၊ ) မြန်မာနိုင်ငံတွင် လူသတ်မိုင်းများ အပါအဝင် လူသတ်မိုင်းများကို ထုတ်လုပ်၍ အသုံးပြုနေကြပါသည်။ မြန်မာနိုင်ငံတွင် အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs) သည် လက်လုပ် တိုက်မိုင်းများအပါအဝင် လူသတ်မိုင်းများကို ထုတ်လုပ်၍ အသုံးပြုသည်။

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မိုဘိုင်းလ်ဖုန်းတာဝါတိုင်များ၊ သယံဇာတထုတ်ယူသည့် လုပ်ငန်းများနှင့် စွမ်းအင်ပိုက်လိုင်းများ ကဲ့သို့သော အခြေခံ အဆောက်အအုံများပတ်ဝန်းကျင် အပါအဝင် မြန်မာနိုင်ငံတွင် မိုင်းအသစ်အသုံးပြုမှုများ သိသိသာသာ တိုးများလာခဲ့သည်။

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မိုင်းတားမြစ်ရေးပဋိညာဉ်ကို လက်ခံသဘောတူထားခြင်းမရှိပါ။[၁]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် မြန်မာ့တပ်မတော်က အိမ်စောင့်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့ရာ၊ ယင်းသည်ထိုအချိန်မှစ၍ အသိအမှတ်ပြုမှုရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။[၂] ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် အတိုက်အခံအမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကို အဝေးတစ်နေရာမှ ဖွဲ့စည်းခဲ့သည်။[၃] မြန်မာနိုင်ငံသည် ပဋိညာဉ်ကို လက်ခံသဘောတူရန် ၂၀၂၂ ခုနှစ်တွင်သော်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၏ ပထမ ၆ လ တွင်သော်လည်းကောင်း မည်သည့်အဆင့်ကိုမျှ ဆောင်ရွက်ခဲ့ခြင်းမရှိပါ။

အာဏာမသိမ်းမီက မြန်မာအရာရှိများက မိုင်းတားမြစ်ရေးပဋိညာဉ်ကို စိတ်ဝင်စားကြောင်းနှင့် ယင်း၏ လူသားချင်း စာနာမှုဆိုင်ရာပြဌာန်းချက်များအား ကြိုဆိုကြောင်းထုတ်ဖော်ကြားခဲ့ဘူးသည်။[၄] အနာဂတ်တွင် ပူးပေါင်းပါဝင်နိုင်မည့် အမြင်ဖြင့် ပဋိညာဉ် ကို လေ့လာလျက်ရှိကြောင်း မြန်မာက မကြာခဏပြောကြားခဲ့သည်။[၅] ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံက ၎င်းအနေဖြင့် ပဋိညာဉ်၏လုပ်ငန်းများကို "ဂရုတစိုက်" လိုက်နာဆောင်ရွက်ကြောင်းနှင့် ပဋိညာဉ်သည် "လူသတ်မြေမြှုပ်မိုင်းများကြောင့်ဖြစ်သည့်

---

၁။ ယခင်တပ်မတော်အစိုးရက နိုင်ငံအမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုး အများအပြားနှင့် အခြားနိုင်ငံများက ယခုထိ Burma ဟု ဆက်လက်ရည်ညွှန်းခေါ်ဆိုကြသည်။ နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအမည်များကို ဒေသဘာသာစကားဖြင့် အသီးသီး ခေါ်ဆိုကြသည်။ ဥပမာ- ကရင်နီ (ကယား) ပြည်နယ်၊ ၂၀၁၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့က မြို့နယ်အမည်များကို ကုလသမဂ္ဂ၊ မြန်မာနိုင်ငံဆိုင်ရာ သတင်း အချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ (MIMU) ကသုံးသည့်အတိုင်း ခေါ်ဝေါ်သုံးစွဲပါသည်။ For more information, see the MIMU website.

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်စောင့်အစိုးရကို မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။

၃။ NUG ကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသော်လည်း တပ်မတော်က အာဏာသိမ်းမှုဖြင့် ဖေဖေါ်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းခြင်းခံရသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည်။ NUG တွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူနည်းစု အများအပြားမှ ကိုယ်စားလှယ်များလည်း ရှိသည်။ ၂၀၂၁ ခုနှစ် မေလတွင် NUG သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဟုသိကြသည့် နိုင်ငံအတွင်း၌ ပြည်သူ့စစ်များဖွဲ့စည်းခဲ့သည်။ ခုခံစစ် အဖွဲ့အစည်းအများအပြားသည် ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းများဖြစ်ကြပြီး NUG နှင့် ၎င်းတို့၏ချိတ်ဆက်မှုများသည် ခိုင်မာမှုမရှိသေးပေ။

၄။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ယခင်မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဝင်းမြတ်အေးက "မြန်မာနိုင်ငံအနေဖြင့် လူသတ်မိုင်းများကြောင့်ဖြစ်သည့် ထိခိုက်နာကျင်မှုဒဏ္ဍနှင့် အသက်ဆုံးရှုံးမှုကိုများကို အဆုံးသတ်ရန်၊ လူ့အသက်ကိုကယ်တင်ရန်နှင့် မျှော်လင့်ချက်နှင့် လူ့ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ရန်တို့အတွက် လူသတ်မိုင်းတားမြစ်ရေးပဋိညာဉ်၏ အရေးပါမှုကို အသိအမှတ်ပြုသည်။ လူသားအပေါ် ဘေးဒုက္ခ ကျရောက်မှုများကို လျှော့ချရာ၌ ပဋိညာဉ် စာချုပ်၏ ကဏ္ဍမှာတစ်ဝန်း လွှမ်းခြုံနိုင်မှုက အဓိကကျသည်ကိုလည်း ကျွန်ုပ်တို့က ယုံကြည်သည်။ အနာဂတ်တွင် လူသတ်မိုင်း များအသုံးပြုမှုရပ်တန့်ရေး လုပ်ငန်းစဉ်အတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးက အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ငန်းဖြစ်သည်။" ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ သဘောထားထုတ်ပြန်ချက် (Statement of Myanmar) မိုင်းတားမြစ်ရေး ပဋိညာဉ်ဆိုင်ရာ စတုတ္ထ အကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း စုံညီ အစည်း အဝေး၊ အော်စလိုမြို့၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။

၅။ Myanmar Explanation of Vote on Resolution L.45, United Nations General Assembly (UNGA) First Committee, New York, 6 November 2019. UNGA, Official Records, A/C.1/74/PV25, p. 1. ယင်းသည် ယခင်နှစ်က ၎င်း၏ထုတ်ပြန်ချက်နှင့် မနီးယိုးစွဲတူညီသည်။ Myanmar Explanation of Vote on Resolution L.53/rev.1, 73rd Session, UNGA First Committee, Audio Record of 31st Meeting (at 19 mins.), New York, 8 November 2018. See also, Myanmar Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017. UNGA, Official Records, A/C.1/72/PV26, pp. 18–19 and 29.

လူသားများထိခိုက်နာကျင်မှုဒုက္ခနှင့် အသက်ဆုံးရှုံးမှုများကို အဆုံးသတ် နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်ကြောင်း” ပြောကြားခဲ့သည်။[၆]

မိုင်းတားမြစ်ရေး ပဋိညာဉ်ကို အစပြုဆွေးနွေးဖွားခဲ့သည့် ၁၉၉၆-၁၉၉၇ အော့တာဝါလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံ ပါဝင်ခဲ့ခြင်း မရှိပါ။

ထိုအချိန်မှစ၍ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလတွင် အော်စလိုမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်းစုံညီ အစည်းအဝေးအပါအဝင်၊ ပဋိညာဉ်ဆိုင်ရာအစည်းအဝေးများစွာတွင် မြန်မာနိုင်ငံက လေ့လာသူအဖြစ်ပါဝင် တက်ရောက်ခဲ့သည်။[၇] မကြာသေးမီကမှ မြန်မာစစ်တပ်ဦးဆောင်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ (SAC)၏ ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အွန်လိုင်းမှကျင်းပသည့် ပဋိညာဉ်အဖွဲ့ဝင် နိုင်ငံများ၏ ၁၉ ကြိမ်မြောက်အစည်းအဝေးသို့တက်ရောက်ခဲ့သည်။ ထို့အပြင် ၂၀၂၃ ခုနှစ် ဇွန်လ ဂျီနီဗာတွင်ကျင်းပသည့် ကဏ္ဍစုံအစည်းအဝေးများသို့ လေ့လာသူအဖြစ် ဂျနီဗာအခြေစိုက် သံရုံးဝန်ထမ်းများကို စစ်ကောင်စီက စေလွှတ်ခဲ့သည်။

NUG သည် နယူးယောက်ခ်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံနေရာကို ဆက်လက်ရယူထားပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုင်းတားမြစ်ရေးပဋိညာဉ်ကို ကမ္ဘာတစ်ဝန်း လွှမ်းခြုံနိုင်ရေးမြှင့်တင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၇၆/၂၆ ကို မဲခွဲရာတွင် မြန်မာနိုင်ငံကမဲမပေးဘဲနေခဲ့ပါသည်။ မြန်မာနိုင်ငံသည် ပဋိညာဉ်ကို ထောက်ခံသည့် နှစ်စဉ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို ၁၉၉၇ ခုနှစ်မှ စ၍ မဲမပေးဘဲနေခဲ့ပါသည်။[၈] မြန်မာနိုင်ငံသည် ၎င်း၏မဲပေးမှုအတွက် ရှင်းလင်းချက်တစ်စုံတစ်ရာ မပေးခဲ့ပေ။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံနယ်စပ်ရှိ ထိုင်းနိုင်ငံ မဲဆောက်တွင် မြေမြှုပ်မိုင်းစောင့်ကြည့်ရေး ၂၀၂၂ ခုနှစ်အစီရင်ခံစာကို ထုတ်ဝေရန် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။[၉] ၂၀၂၁ ခုနှစ် စစ်ဆင်ဆာဖြတ်မှု အမိန့်အရ Monitor ၏ နှစ်ပတ်လည် နိုင်ငံအလိုက် အစီရင်ခံမှုကို နိုင်ငံအတွင်း ထုတ်ဝေခြင်းမပြုရန် တားမြစ်ခံခဲ့ရသည်။[၁၀] ၂၀၂၂ ခုနှစ်တွင် ကုလသမဂ္ဂ၏ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (MIMU) မှ မိုင်းဒဏ်ခံရသောဒေသများ၏ မြေပုံနှင့် မိုင်းသက်ရောက်မှု အသေးစိတ် ဖော်ပြသည့် မွမ်းမံ ပြင်ဆင်ထားသော အချက်အလက်များကို ထုတ်ပြန်ခဲ့သည်။[၁၁]

၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သည့် မိုင်းတားမြစ်ရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ဆယ်ကြိမ်မြောက်အစည်းဝေးတွင် အပြည်ပြည်ဆိုင်ရာ မြေမြှုပ်မိုင်းများ တားမြစ်ရေး လှုပ်ရှားမှု (ICBL) က မြန်မာနိုင်ငံတွင် လူသတ်မိုင်းအသုံးပြုမှုအသစ်ကို ရှုတ်ချခဲ့ပြီး ယင်းအသုံးပြုမှုကို ပြင်းထန်စွာ ရှုတ်ချရန် အစိုးရအားလုံးကို တောင်းဆိုခဲ့သည်။[၁၂]

---

၆။ Statement of Myanmar, မြန်မာနိုင်ငံ၏သဘောထားထုတ်ပြန်ချက်၊ အွန်လိုင်းမှကျင်းပသည့် ပဋိညာဉ်အဖွဲ့ဝင်နိုင်ငံများ၏ မိုင်းတားမြစ်ရေး ပဋိညာဉ်ဆိုင်ရာ ၁၈ ကြိမ်မြောက် အစည်းအဝေး၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်။

၇။ မြန်မာနိုင်ငံသည် ယခင်က ပဋိညာဉ်အဖွဲ့ဝင် နိုင်ငံများ၏ ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ် အစည်းအဝေးများကို တက်ရောက်ခဲ့သည်။ ၂၀၀၄၊ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ်များတွင် ပြန်လည်သုံးသပ်ခြင်းစုံညီအစည်းအဝေးများကို ပါဝင်တက်ရောက်ခဲ့ခြင်းမရှိပါ။ ဂျီနီဗာတွင် ကျင်းပသည့် ၂၀၁၃-၂၀၁၄၊ ၂၀၁၆၊ ၂၀၁၉ နှင့် ၂၀၂၁ ခုနှစ် ကဏ္ဍစုံအစည်းအဝေးများကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

၈။ "Implementation of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction," "လူသတ်မိုင်းများအသုံးပြုမှု၊ သိုလှောင်မှု၊ ထုတ်လုပ်မှုနှင့် လွှဲပြောင်းပို့ဆောင်မှုနှင့် ၎င်းတို့၏ ပျက်စီးထိခိုက်စေမှုကို တားမြစ်ရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး" ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၇၆/၂၆၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ၁၉၉၆ခုနှစ်တွင် လူသတ်မြေမြှုပ်မိုင်းများတားမြစ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တစ်ရပ်ရရှိရန် အစိုးရများအား တိုက်တွန်းသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံကထောက်ခံမဲပေးခဲ့သည်။မိုင်းတားမြစ်ရေးပဋိညာဉ်ကို လက်မှတ်ထိုးနိုင်ကြောင်း စတင်ဖွင့်ပေးခဲ့သည့် ၁၉၉၇ ခုနှစ်မှစ၍ မဲမပေးဘဲနေခဲ့ပါသည်။

၉။ မြန်မာနိုင်ငံမိုင်းကင်းစင်ရေးလှုပ်ရှားမှုသည် ကနဦးတွင် Burma/ Myanmar မိုင်းအသုံးပြုမှုရပ်တန့်ရေးအဖြစ် လူသိများခဲ့သည်။ See, Mine-Free Myanmar website.

၁၀။ ယခင်ရှိခဲ့သည့် စာပေစိစစ်ရေးဥပဒေကို ဖျက်သိမ်းခဲ့သော ၂၀၁၀ ခုနှစ် မှ ၂၀၂၀ ခုနှစ်အထိ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ Myanmar/ Burma ဆိုင်ရာ အစီရင်ခံစာကို မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေပြီး၊ နိုင်ငံအတွင်း နှစ်စဉ်ဖြန့်ချိခဲ့ပါသည်။ ၂၀၂၂ ခုနှစ် နိုင်ငံအလိုက်အစီရင်ခံစာကို မြန်မာဘာသာဖြင့် စုစုပေါင်း အုပ်ရေ ၁၂၀၀ ကို ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး နိုင်ငံတွင်းနှင့် နယ်စပ်ဒေသများတွင် ဖြန့်ဝေခဲ့သည်။ အွန်လိုင်းဗားရှင်းonline version ၏ နောက်ထပ် အုပ်ရေ ၆၀၀ ကို ဒေါင်းလုဒ်လုပ်ခဲ့သည်။

၁၁။ MIMU, "Townships with Suspected Landmine/ERW Contamination (1999–2022) and Landmine/ERW Casualties in Myanmar (2021)," ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ။ ၎င်းသတင်းရုပ်ပုံသည် ၎င်းတို့၏ထုတ်လုပ်မှုများတွင် တောင်းဆိုမှုအများဆုံးဖြစ်ကြောင်း MIMU ကဆိုပါသည်။

၁၂။ Statement of the ICBL, Mine Ban Treaty Nineteenth Meeting of States Parties, 24 November 2022.

## ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

ကပစ ခေါ် နိုင်ငံပိုင် မြန်မာ့ကာကွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများက လူသတ်မြေမြှုပ်မိုင်း အနည်းဆုံး ၅ မျိုးဖြစ်သည့် MM1 ၊ MM2 ၊ MM3 ၊ MM5 နှင့် MM6 တို့ကိုထုတ်လုပ်သည်။[၁၃]

မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ(NSAGs)က နိုင်ငံပိုင် ကပစမှထုတ်လုပ်ပြီး ရှေ့တန်းရောက် တပ်မတော်တပ်ဖွဲ့များက အသုံးပြုရန်ယူဆောင်လာသည့် လူသတ်မြေမြှုပ်မိုင်းဓါတ်ပုံများကို မကြာခဏထုတ်ပြန်လေ့ရှိသည်။ ဥပမာ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကချင်လွတ်လပ်ရေးတပ်မတော်(KIA) နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များသည် ရှမ်းပြည်နယ် မဲပင်မြို့နယ်ရှိ မြန်မာစစ်တပ်ကင်းစခန်းအား သိမ်းပိုက်ပြီးနောက် MM2 နှင့် MM6 လူသတ်မိုင်းများ ထုတ်ဖော်ပြသခဲ့သည်။[၁၄] ပြီးခဲ့သည့် ၂၀၂၁ခုနှစ်၊ ဩဂုတ်လတွင် မြန်မာအမျိုးသားဒီမိုရက်တစ်မဟာမိတ်တပ်ဖွဲ့ (MNDAA) က မူဆယ်မြို့နယ်အရှေ့ပိုင်းတွင် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် သိမ်းယူရရှိခဲ့သည့် MM5 နှင့် MM6 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများကို ပြသခဲ့သည်။[၁၅] ၂၀၂၁ ခုနှစ် မေလတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ရခိုင်အမျိုးသားကောင်စီ (ANC) တို့က ကရင်ပြည်နယ်အတွင်းရှိ မြန်မာ့တပ်မတော်၏ စစ်အခြေစိုက်စခန်းတစ်ခုကို ၎င်းတို့၏ တပ်ဖွဲ့များက တိုက်ခိုက်သိမ်းပိုက်ပြီးချိန်တွင် ရရှိခဲ့သည့် MM2 အမျိုးအစား လူသတ်မြေမြှုပ်မိုင်းများကို ပြသခဲ့သည်။[၁၆] ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်တစ်ဖွဲ့က မြန်မာ့ကာကွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများမှ ထုတ်လုပ်သည့် MM2 အမျိုးအစား လူသတ်မြေမြှုပ်မိုင်း ဓါတ်ပုံများကို ထုတ်ပြန်ခဲ့ပြီး၊ ၎င်းမိုင်းများတွင် ၂၀၁၈ ခုနှစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်အသားများလည်း ပါရှိသည်။[၁၇]

မြန်မာနိုင်ငံသည် လူသတ်မြေမြှုပ်မိုင်းများအား ပြည်ပသို့ တင်ပို့ခဲ့သည်ဟု မသိရှိရပါ။[၁၈] ယခင်က မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ရုရှား(ဝါ) ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကားတို့မှ ထုတ်လုပ်သည့် လူသတ်မိုင်းများကို တင်သွင်းခဲ့သည် (ဝါ) တနည်းအားဖြင့် ရရှိခဲ့ပြီး အသုံးပြုခဲ့ပါသည်။[၁၉]

မြန်မာ့တပ်မတော်က သိုလှောင်ထားသည့် လူသတ်မြေမြှုပ်မိုင်းများ၏ အမျိုးအစား၊ သို့မဟုတ် အရေအတွက်နှင့် စပ်လျဉ်း၍ လူသိရှင်ကြားထုတ်ပြန်သည့် သတင်းအချက်အလက်မရှိပါ။

---

၁၃။ MM1 သည် တရုတ်ထုတ် ၅၉ အမျိုးအစား တိုက်မိုင်းကို ပုံစံယူထုတ်လုပ်သည်။ MM2 သည် တရုတ်ထုတ် ၅၈ အမျိုးအစား ဖောက်ခွဲမိုင်းနှင့် ဆင်တူသည်။ MM3 သည် ခုန်ထွက်မိုင်း၊ MM5 သည်ရှေ့ထွက်မိုင်း၊ MM6 သည် အမေရိကန်ထုတ် သတ္တုပါဝင်မှုနည်းသည့် M14 အမျိုးအစား လူသတ်မိုင်းကို ပုံစံယူထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယာဉ်ဖျက်မိုင်းဖြစ်သော MM4 ကိုလည်း ထုတ်လုပ်သည်။

၁၄။ Facebook post by People's Spring, 26 August 2023. ၂၀၂၁ ခုနှစ် မေလတွင် NUG သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဟုသိကြသည့် နိုင်ငံအတွင်း၌ ပြည်သူ့စစ်များဖွဲ့စည်းခဲ့သည်။ ခုခံစစ် အဖွဲ့အစည်းအများအပြားသည် ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းများဖြစ်ကြပြီး NUG နှင့် ၎င်းတို့၏ချိတ်ဆက်မှုများသည် ခိုင်မာမှုမရှိသေးပေ။

၁၅။ "15 Myanmar Junta Soldiers Reported Killed in Shan State," "ရှမ်းပြည်နယ်တွင် မြန်မာစစ်တပ်မှ စစ်သား ၁၅ ဦးကျဆုံး"၊ ဧရာဝတီ၊ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ အဆိုပါမိုင်းများကို အသုံးမပြုမီ သိမ်းဆည်းရမိခြင်း ဖြစ်ပြီး၊ လက်နက်အင်အားနည်းပါးသော ရှေ့တန်းတပ်စခန်းများတွင် သိုလှောင်ထားသည်ဟု သိရပါသည်။ ဤသည်မှာ စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ မြန်မာ့တပ်မတော်က ပြောကြားခဲ့သည့် မြေမြှုပ်မိုင်းများအား အသုံးပြုသည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။

၁၆။ Mine-Free Myanmar ၊ " တပ်မတော်၏ရှေ့တန်းတပ်စခန်းများတွင် တွေ့ရသော လူသတ်မြေမြှုပ်မိုင်းများ" ၂၀၂၁ ခုနှစ်၊ မေလ ၉ရက်၊

၁၇။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့်ဆက်စပ်သည့် လူမှုကွန်ရက်စာမျက်နှာတွင် Facebook page ဖော်ပြသော စွပ်စွဲချက်နှင့် ဓါတ်ပုံများ၊ photographs ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ ထိုစဉ်မှစ၍ ဓါတ်ပုံများတွင် ထုတ်လုပ်မှုဆိုင်ရာအမှတ်အသားများမပါရှိသော်လည်း။ ပါရှိသောပုံများအားလုံးတွင် ၂၀၁၈ ခုနှစ် မတိုင်မီက ဖြစ်သောကြောင့်၊ ထုတ်လုပ်မှုမည်မျှဆက်ရှိနေသည်မှာ မရှင်းလင်းပါ။

၁၈။ ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအထူးကိုယ်စားလှယ်က မြန်မာနိုင်ငံအနေဖြင့် လူသတ်မိုင်းများ တင်ပို့မှု တားမြစ်ခြင်းကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် တင်ပို့မှုဆိုင်းငံ့ခြင်း (ဝါ) တားမြစ်ခြင်းဆိုင်ရာတရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပါ။ See, ICBL, Landmine Monitor Report 2000: Toward a Mine-Free World (New York: Human Rights Watch, August 2000), p. 469.

၁၉။ ICBL, Landmine Monitor Report 2004: Toward a Mine-Free World (New York: HRW, October 2004), p. 938. The mines include Chinese Types-58, -59, -69, and -72A; Soviet POMZ-2, POMZ-2M, PMN-1, and PMD-6; US M14, M16A1, and M18; and Indian/British LTM-73 and LTM-76.

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှထုတ်လုပ်ခြင်း၊ လွှဲပြောင်းပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း

မြန်မာနိုင်ငံရှိ NSAGs အသီးသီးက လက်လုပ်လူသတ်ဖောက်ခွဲမိုင်းနှင့် တိုက်မိုင်းများကို ထုတ်လုပ်ကြပြီး၊ ၎င်းတို့တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် ဒီမိုကရေစီကရင်အကျိုးပြုတပ်မတော် (DKBA) တို့ပါဝင်သည်။ လူကထိမိ၊ တိုက်မိ၍ ပေါက်ကွဲသောမိုင်းများ ဖြစ်လျှင်၊ စက်ရုံထုတ်ဖြစ်စေ၊ ဒေသတွင်း ရသမျှပစ္စည်းများဖြင့် ပြုလုပ်သောလက်လုပ်မိုင်းများဖြစ်စေ၊ မိုင်းတားမြစ်ရေးပဋိညာဉ်တွင် ကျယ်ကျယ်ပြန့်ပြန့် တားမြစ်ထားသည်။ မြန်မာနိုင်ငံရှိ NSAGs အချို့က ရှေ့ထွက်မိုင်း အမျိုးအစား တိုက်မိုင်းများနှင့် အဝေးထိန်းယာဉ်ဖျက်မိုင်းများကိုလည်း ထုတ်လုပ်ကြသည်။

မြန်မာနိုင်ငံရှိ NSAGs များသည် လက်လုပ်လူသတ်မိုင်းများကို ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆက်လက်ထုတ်လုပ်ခဲ့ကြသည်။[၂၀] NSAGs များသည် မြေမြှုပ်မိုင်းများကို မိုင်းကွင်းများမှ တူးဖော်၍ ပြန်လည်အသုံးပြုခြင်းမှသော်လည်းကောင်း၊ လက်နက်မှောင်ခိုဈေးကွက်မှလည်းကောင်း ရရှိကြသည်များလည်းရှိသည်။[၂၁]

၂၀၂၃ ခုနှစ်တွင် NSAG များသည် မြန်မာ့တပ်မတော်မှ လူသတ်မိုင်းများကို သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် KIA၊ ကရင်နီတပ်မတော်၊ KNLA၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) နှင့် ရှမ်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF အဖွဲ့အများအပြားသည်၂၀၂၃ ခုနှစ်အတွင်း ရိုက်ကူးခဲ့သော မိုင်းများ၏ ဓာတ်ပုံများကို Monitor အဖွဲ့ကြီးက မြင်တွေ့ခဲ့ရသည်။[၂၂]

## အသုံးပြုမှု

၁၉၉၉ ခုနှစ်တွင် Monitor သည် ပထမဆုံး နှစ်ပတ်လည် မြေမြှုပ်မိုင်း စောင့်ကြည့်ရေး အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီးကတည်းက မြန်မာစစ်တပ်မှ မြေမြှုပ်မိုင်းများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုနှင့် မြန်မာနိုင်ငံတွင် ရှိနေသော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ (NSAGs) များစွာကို မှတ်တမ်းတင်ထားသည်။

## မြန်မာတပ်မတော်၏ အသုံးပြုမှု အသစ်များ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့တပ်မတော်သည် လူသတ်မိုင်းများကို အကြိမ်ကြိမ်အသုံးပြုခဲ့သည်။ မိုဘိုင်းလ်ဖုန်းတာဝါတိုင်များ၊ သံယံဇာတထုတ်ယူသည့်လုပ်ငန်းများနှင့် စွမ်းအင်ပိုက်လိုင်းများကဲ့သို့သော အခြေခံအဆောက်အအုံများအနီး အသုံးပြုမှုအပါအဝင် ယခင်နှစ်များထက် အသုံးပြုမှု သိသိသာသာ တိုးလာသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလလယ်ပိုင်းအထိ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ လစဉ် မြန်မာ့တပ်မတော်မှ သိမ်းဆည်းရမိသောလက်နက်များကို ဓာတ်ပုံရိုက်ထားသည့် ဓာတ်ပုံများတွင် မြန်မာတပ်မတော်မှ ထုတ်လုပ်သော လူသတ်မိုင်းများကို တွေ့ရှိရသည်။ နိုင်

---

၂၀။ ကယားပြည်နယ် ဒမိုဆိုမြို့နယ်တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) မှ တည်ထောင်ထားသည့် လက်လုပ် လူသတ်မိုင်းစက်ရုံ၏ ဓာတ်ပုံများကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ အမည်မဖော်လိုသူ သတင်းရင်းမြစ် တဦးဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးရှိ လောင်းလုံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (LLPDF) က ထုတ်လုပ်သည့် လက်လုပ်လူသတ်မိုင်းနှင့် အခြားလက်နက်ပစ္စည်းများ ဓါတ်ပုံများ၊ ၂၀၂၂ ခုနှစ်၊ ဖွန်လ See, "Junta troops raid Launglon PDF camp," Burma News International/Mizzima, 6 July 2022.

၂၁။ Land Mine Monitor 2009 တွင် မြန်မာနိုင်ငံ၌ အမေရိကန်ထုတ် M26 အမျိုးအစား လူသတ် ခုန်ထွက်မိုင်းများတွေ့ရှိကြောင်းဖော်ပြထားသော်လည်း မည်သည့်အရင်းအမြစ် သို့မဟုတ် မည်သည့်အဖွဲ့အစည်းက သုံးကြောင်းမဖော်ထုတ်နိုင်ခဲ့ပါ။ ၂၀၁၀ခုနှစ်တွင် လျှို့ဝှက်သတင်းရင်းမြစ်တစ်ခုက ထိုင်းနိုင်ငံအနေဖြင့် မိုင်းတားမြစ်ရေးပဋိညာဉ်ကို ပါဝင်လက်မှတ်မရေးထိုးမီက KNLA သည် ထိုင်းဘုရင့်တပ်မတော်ထံမှ M26 မိုင်းအမြောက်အများကို ရရှိခဲ့သည်ဟု ဆိုပါသည်။. See, Land mine Monitor Report 2009: Toward a Mine-Free World (Ottawa: Mines Action Canada, October 2009), p. 1,013.

၂၂။ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ မီဒီယာဓါတ်ပုံများအား စေ့စပ်သေချာလေ့လာဆန်းစစ်ခဲ့ရာ၊ မြန်မာ့တပ်မတော်ထံမှ မိုင်းများသိမ်းဆည်းရမိသော ဖြစ်စဉ် ၄၅ ခုကျော်ရှိခဲ့ပြီး၊ ချင်း၊ ကယား၊ ကရင်၊ ရခိုင်၊ ရှမ်းပြည်နယ်များနှင့် စစ်ကိုင်း၊ တနင်္သာရီ တိုင်းဒေသကြီးများတွင် MM1၊ MM2၊ MM5 နှင့် MM6 အမျိုးအစား လူသတ်မိုင်းများ ပမာဏအားဖြင့် ရာပေါင်းများစွာရှိခဲ့ပါသည်။ အဆိုပါ မိုင်းများအား ဖော်ပြပါ ဒေသများရှိ EROs များ၊ သို့မဟုတ် NUG လက်အောက်ခံ PDFs များက မြန်မာ့တပ်မတော်စစ်ခန်းများအား ဝင်ရောက်စီးနင်းပြီးသည့်အခါဖြစ်စေ၊ သို့မဟုတ်၊ တပ်မတော် လှည့်ကင်းတပ်ဖွဲ့များအား ခြုံခိုတိုက်ခိုက်သည့်အခါဖြစ်စေ၊ ဖမ်းဆီးရမိသည့်အခါဖြစ်စေ သိမ်းဆည်းရမိခြင်းဖြစ်သည်။ See, Mine-Free Myanmar, "Myanmar Armed Forces consistently using antipersonnel landmines over the past 18 months," 9 June 2023.

ငံအနှံအားလုံးနီးပါးတွင်ဖြစ်သဖြင့် စစ်တပ်သည် လူသတ်မိုင်းကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေမှုကို ညွှန်ပြနေပါသည်။[၂၃] ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် မြန်မာ့တပ်မတော်သည် မြေမြှုပ်မိုင်းများ၏ အောက်ဘက်တွင် မော်တာကျည်တစ်တောင့် ထပ်ချိတ်ထားခြင်းဖြင့် အဖျက်စွမ်းအားကို တိုးမြှင့်အသုံးပြုခဲ့ကြောင်း သိရသည်။[၂၄]

၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ မြန်မာ့တပ်မတော်မှ လူသတ်မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ သီးခြားအစီရင်ခံစာများ နမူနာများကို အောက်တွင် အသေးစိတ်ဖော်ပြထားသည်။ အချို့ အခြေအနေများတွင် မြန်မာ့တပ်မတော်သည် မိုင်းအသုံးပြုမှုကို အသိအမှတ်ပြုခဲ့ပြီး အခြားကိစ္စများတွင် စစ်တပ်ကင်းစခန်းနှင့် နီးကပ်သောကြောင့် ရွာသားများက အသုံးပြုသည်ဟု ပြောဆိုသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပင်သာကျေးရွာ အပြင်ဘက်တွင် မြေမြှုပ်မိုင်းကြောင့် ကလေး လေးဦး သေဆုံးခဲ့သည်။ အဆိုပါ မိုင်းအား ဖားယာလဟာကျေးရွာရှိ စခန်းတစ်ခုမှ မြန်မာစစ်တပ်က ထောင်ထားခြင်းဖြစ်ကြောင်း ရွာသားများက ပြောသည်။[၂၅]

၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကချင်ပြည်နယ် ရွှေကူမြို့နယ် စီမော်ကျေးရွာတွင် မြန်မာ့တပ်မတော်မှ တိုက်ခိုက်မှုအပြီး နွားလှည်းသည် မိုင်းနင်းမိ၍ ကလေးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် ဒေသခံ PDF တစ်ဖွဲ့က လည်း ထိုနေရာတွင် အခြားမြေမြှုပ်မိုင်းကို တွေ့ရှိခဲ့သည်။[၂၆]

၂၀၂၃ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် စီဒီပြင်ကျေးရွာအနီး မြန်မာ့တပ်မတော် တပ်စွဲထားသည့် မေ တောင်တန်း၌ မိုင်းနင်းမိရာမှ အမျိုးသားတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။[၂၇]

ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နွမ်ခါဇုပ်ကျေးရွာနှင့် ဝိုင်းမော်မြို့နယ် နွမ်ခါဖွပ်ကျေးရွာကြား မြန်မာ့တပ်မတော်မှ တပ်စွဲထားသည့် မိုင်းတွင်းကို နင်းမိရာမှ အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၂၈]

၂၀၂၃ ခုနှစ် ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့ တွင် ယေကင်တပ်မတော်စခန်းတွင် တပ်ပြောင်းစဉ် တပ်မတော် မှ စစ်သည် နှစ်ဦးသည်  စခန်း ခြံစည်းရိုး အနီးတွင် ယခင် ဆုတ်ခွာသွားသည့်တပ်ဖွဲ့ မှ ထောင်ထားသည့် မိုင်း နင်းမိခဲ့သည်။ အဆိုပါစခန်းသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် တိမကျေးရွာတွင် တည်ရှိသည်။[၂၉]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် စားနပ်ရိက္ခာရှာဖွေနေစဉ် မြန်မာ့တပ်မတော်မှ ထောင်ထားသည့် မိုင်းကို အမျိုးသားတစ်ဦး နင်းမိခဲ့သည်။[၃၀]  ထိုနေ့တွင်ပင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် စိုင်းဝမ်ကောင်း

---

၂၃။ ဥပမာ  ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁။ ကချင်ပြည်နယ် ရွှေကူမြို့နယ် ကျောက်ကြီးကျေးရွာတွ PDF တစ်ဖွဲ့သည်  MM1၊ MM2၊ MM5 နှင့် MM6 လူသတ်မိုင်းအမြောက်အမြားအား မြန်မာစစ်တပ်မှ သိမ်းပိုက်ပြီးနောက် သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ ရှမ်းပြည်နယ် မပိန်မြို့နယ်စီပိန် ကျေးရွာအနီးတွင် KIA/PDF တပ်ဖွဲ့မှ MM2 နှင့် MM6 လူသတ်မိုင်းအမြောက်အမြားအား မြန်မာစစ်တပ်မှ သိမ်းပိုက်ပြီးနောက် MM2 နှင့် MM6 လူသတ်မိုင်းအမြောက်အများကို သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၆ ရက် ပြည်သူ့နွေဦး Facebook တွင် တင်ထားသည့် MM5 နှင့် MM6 မိုင်းသေတ္တာများကို ဖေဖော်ဝါရီ ၁၉ ရက်တွင် စစ်ကိုင်းတိုင်း ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ် အစပ်ရှိ မြန်မာတပ်မတော် ကင်းစခန်းအား စီးနင်းရှာဖွေရာ PDF တစ်ဖွဲ့က သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၀ ရက်နေ့ သံအမတ်ကြီး၏ Facebook တွင် ကြည့်ပါ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ရခိုင် ပြည်နယ် မောင်တောမြို့နယ် နယ်ခြားမှတ်တိုင် ၄၀ ရက္ခိုင့်တပ်တော်က သိမ်းယူခဲ့သော စခန်းတစ်ခုမှ သိမ်းဆည်းမိသည့် လက်နက်များအနက် MM2 နှင့် MM5 မိုင်းများပါ ထုတ်ပြခဲ့သည်။ “ရက္ခိုင့်တပ်တော်က ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး မြန်မာစစ်တပ်စခန်းကို သိမ်းပိုက်လိုက်ကြောင်း” Development Media Group၊ ဩဂုတ်လ ၃၁ ရက်၊ ၂၀၂၂ ခုနှစ်တွင် ကြည့်။  ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် KIAနှင့် PDF  များက စစ်ကိုင်းတိုင်း ပင်းဘူးမြို့နယ်တွင် မြန်မာ့တပ်မတော်မှ MM6 မိုင်း ၁၁ လုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ရက္ခိုင့်တပ်တော်မှ ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ဖမ်းမိသော မြန်မာ့တပ်မတော်မှ တပ်ဖွဲ့ဝင်များထံမှ MM6 (M14) လူသတ်မိုင်း ၇ လုံး သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့ထုတ် BBC Burmese Facebook တွင် ကြည့်ပါ၊ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကန့်ဘလူ PDF မှ MM6 (M14) လူသတ်မိုင်း (၅) လုံးအပါအဝင် အခြားလက်နက်ကြီး (၅) ခုကို စစ်ကိုင်းတိုင်းဒေသကြီး ကန်တော်ကြီးနားမြို့နယ်ရှိ မြန်မာစစ်တပ်မှ သိမ်းဆည်းရမိခဲ့သည်။ လူငယ်ခေတ်သတင်း 15 ဩဂုတ် 2022 ၏ Facebook တွင် ကြည့်ပါ။.

၂၄။ ရှမ်းပြည် နယ် သောင်းစုန်းကျေးရွာမှ တပ်မတော်မှ ဆုတ်ခွာသွားသည့် အချိန်တွင် ရွာဆေးပေးခန်းအနောက်ဘက် လမ်းပေါ်တွင် ပိုက်ကွန်နှင့် ကျည်ဆန်ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသည့် MM6 မိုင်းတစ်လုံးကို ဆုတ်ခွာသွားကြောင်း သိရသည်။ နောက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာသူများမှ တွေ့ရှိခဲ့သည်။ Free Burma Rangers၊ “Doctors as Targets: Many Killed In Burma Army’s Attacks On Medical Facilities”၊ 21 June 2023 တွင် ဓာတ်ပုံရိုက်ပါ။ Free Burma Rangers တည်ထောင်သူ David Eubanks၊ 5 စက်တင်ဘာ 2023၊ 5 စက်တင်ဘာ 2023 မှ နောက်ထပ်အသေးစိတ်အချက်အလက်များကို အီးမေးလ်မှပေးပို့ပါသည်။

၂၅။ Landmine kills 4 children in Myanmar’s Bago region,” Radio Free Asia, 27 July 2023.

၂၆။ Free Burma Rangers, “Burma Army Offensive Levels 12 Kachin Villages, Displacing Thousands,” 27 July 2023.

၂၇။ “Rathedaung Twsp man loses leg in landmine explosion,” Development Media Group, 1 March 2023.

၂၈။ Free Burma Rangers, “Burma Army attacks and shifting power in Northern Burma, February 2023,” 11 May 2023.

၂၉။ “Two soldiers killed after stepping on their own landmine in Kyauktaw Rakhine state,” Narinjara News, 22 February 2023.

၃၀။ Free Burma Rangers, “Burma Army attacks and shifting power in Northern Burma, February 2023,” 11 May 2023.

တွင် မြန်မာစစ်တပ်က ထောင်ထားသည့် မိုင်းနင်းမိရာမှ KIA အဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။[၃၁]

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဖာပီကျေးရွာအနီး မြန်မာ့တပ်မတော် အခြေစိုက်စခန်းအပြင်ဘက်တွင် မိုင်းထိ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။[၃၂]

၂၀၂၃ ခုနှစ် ဇန်နဂါရီလ ၁၈ ရက်နေ့က ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပန်းဖက်တန်းကျေးရွာအနီး တပ်မတော်တပ်ရင်း (၃၇၈) တပ်စွဲထားသည့် ဧရိယာကို ဖြတ်သွားစဉ် မိုင်းထိ၍ အမျိုးသားတစ်ဦး မိုင်းထိသဖြင့် ဒဏ်ရာအပြင်းအထန်ရခဲ့သည်။ အဆိုပါဒေသတွင် နေထိုင်သူများကို ဖြတ်သန်းသွားလာခြင်းမပြုရန် တပ်မတော်က ယခင်က သတိပေးထားဖူးသည်။[၃၃]

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ တောင်ငူမြို့နယ် သန်းမိုးတောင်ကျေးရွာ လမ်းဘေးတွင်ထောင်ထားသော မြေမြှုပ်မိုင်းကို အမျိုးသမီးတစ်ဦး နင်းမိခဲ့သည်။ အဆိုပါ ပေါက်ကွဲသံကို ဒေသခံများက ကြားသိရသော်လည်း တပ်မတော်၏ ကန့်သတ်ချက်များကြောင့် အဆိုပါ ဧရိယာအတွင်းသို့ ဝင်ရောက်ခြင်း မပြုနိုင်သဖြင့် ဒဏ်ရာရရှိသူမှာ သွေးထွက်လွန် သေဆုံးသွားကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် PDF ဖြင့် တိုက်ပွဲဖြစ်အပြီး ၎င်းနေရာတွင် မိုင်းထောင်ထားကြောင်း မြန်မာစစ်တပ်က ရွာသားများအား အကြောင်းကြားခဲ့သည်။ ယခင်ကလည်း သန်းမိုးတောင်လမ်းတွင် မိုင်းများချထားကြောင်းနှင့် သွားလာခွင့်ကို ကန့်သတ်ထားကြောင်း စစ်တပ်က ရွာသားများကို သတိပေးဖူးသည်။[၃၄]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဖလားခွန် တပ်မတော်စခန်း အခြေစိုက် တပ်မတော် စစ်သည်များ ထောင်ထားသော မြေမြှုပ်မိုင်း နင်းမိသဖြင့် ရွာသားတစ်ဦး ဒဏ်ရာ အပြင်းအထန် ရခဲ့သည်။ ၎င်းဖြစ်စဉ်သည် ကရင်ပြည်နယ် ဖာပွန်မြို့နယ် စောမုပလောကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။[၃၅]

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ခေါ်ပူကျေးရွာတွင် နေထိုင်သော အမျိုးသားတစ်ဦးသည် မြန်မာ့တပ်မတော်မှ တပ်ဆင်ထားသော MM6 မိုင်းကြောင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။[၃၆]

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အောင်မေကလာကျေးရွာမှ ဒေသခံတစ်ဦးသည် မီးသွေးဖုတ်နေစဉ် တိုက်မိုင်းတစ်လုံး နင်းခဲ့မိသည်။ အဆိုပါ မိုင်းပေါက်ကွဲသည့်နေရာသည် အောင်မေကလာကျေးရွာတွင် တပ်စွဲထားသော မြန်မာတပ်မတော်စခန်းနှင့်နီးကပ်သောကြောင့် မြန်မာ့တပ်မတော်မှ တပ်ဖွဲ့ဝင်များက ထောင်ထားသည်ဟု ယူဆရသည်။[၃၇]

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပလောင်ကျေးရွာရှိ မြန်မာ့တပ်မတော်စခန်းအပြင်ဘက် ခြံစည်းရိုးအနီးတွင် ရိုဟင်ဂျာအမျိုးသမီးတစ်ဦးနှင့် ရင်သွေးငယ်တစ်ဦးတို့သည် တိုက်မိုင်းထိ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် သေဆုံးသူများသည် စခန်းနယ်နိမိတ်နှင့် သုံးမီတာအကွာရှိ ၎င်းတို့၏ နေအိမ်တွင် ရှိနေကြသည်။မည်သည့်အကြောင်းကြောင့် မိုင်းပေါက်ကွဲသည်ကို သေချာ မသိပေ။[၃၈]

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ဖားပွန်မြို့နယ် ဖားကန့်ကျေးရွာရှိ လဲ့ခီးနှင့် ဘောလေးဒါကျေးရွာကြားရှိ တပ်မတော်စခန်းဘေးတွင် မြန်မာစစ်တပ်က ထောင်ထားသောမိုင်းတစ်ခုကြောင့် အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်ပွားချိန်တွင် ၎င်းရွာသားသည် ရွာကင်းသားအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။[၃၉]

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် တနင်္သာရီတိုင်းဒေသကြီး တနသာရီမြို့နယ် ထီးမိုးသီးတွင် ရွာသားတစ်ဦး မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ အဆိုပါ မိုင်းသည် မြန်မာစစ်တပ်မှ ထောင်သည့်မိုင်းဟု ယူဆရသည်။[၄၀]

---

၃၁။ Ibid

၃၂။ “Minbya Twsp man killed in landmine encounter,” Development Media Group, 27 January 2023.

၃၃။ “Mrauk-U Twsp man severely injured in landmine blast,” Development Media Group, 18 January 2023.

၃၄။ Karen Human Rights Group (KHRG), “KHRG Submission to the ICBL: August 2022–August 2023,” undated.

၃၅။ Ibid

၃၆။ Ibid

၃၇။ Ibid

၃၈။ Mine-Free Myanmar, “UPDATE: More landmine victims, Bangladesh-Myanmar/Burma border and in Maungdaw township from late 2022 new mine use on border,” updated on 6 April 2023.

၃၉။ Karen Human Rights Group, “KHRG Submission to the ICBL: August 2022–August 2023,” undated.

၄၀။ KHRG, “KHRG Submission to the International Campaign to Ban Landmines (ICBL), August 2022 - August 2023.”

၂၀၂၂ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း ကရင်ပြည်နယ် ဖာပွန်မြို့နယ်ရှိ ရွာသားများက မြန်မာ့တပ်မတော်မှ စစ်သားများသည် လူးသော်လမ်းပေါ်တွင် မိုင်းအလုံး ၁၀၀ ခန့် ထောင်ထားသည်ဟု သတင်းပေးပို့ကြသည်။[၄၁]

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကရင်ပြည်နယ် ဒူးပလာယာခရိုင် မက်ထရထကျေးရွာအုပ်စုမှ ရွာသားတစ်ဦးက ၎င်း၏စိုက်ခင်းအနီးတွင် မြန်မာ့တပ်မတော်သည် မြေမြုပ်မိုင်းများ ထောင်ထားကြောင်း တိုင်ကြားခဲ့သည်။[၄၂]

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကရိတ်ခူးကျေးရွာတွင် ဆုတ်ခွာသွားသည့် မြန်မာတပ်မတော် ထောင်ထားသော မြေမြုပ်မိုင်းကြောင့် အသက် ၈ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် နောတကော်ကျေးရွာအနီး မွေးမြူရေးလုပ်ငန်းခွင်တွင် မြန်မာ့တပ်မတော် စခန်းအနီးတွင် မြေမြုပ်မိုင်းများ ပေါက်ကွဲခဲ့သည်။ အဆိုပါနေရာတွင် မိုင်းများထောင်ထားကြောင်း မြန်မာတပ်မတော်က ယခင်က အသိပေးထားဖူးကြောင်း ရွာသားများက ပြောသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်က ထိုဒေသတွင် မိုင်းများ ထောင်ထားသည်ဟု ရွာသားများအား ထပ်မံအကြောင်းကြားခဲ့သည်။[၄၃]

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ရှမ်းပြည် နယ် ဖယ်ခုံမြို့နယ် မိုးဗြဲရှိ ဘုရားကျောင်းတစ်ဝိုက်တွင် မြန်မာတပ်မတော်က လူသတ်မိုင်းများ ချထားခဲ့ကြောင်း ဒေသခံ NSAG က အခိုင်အမာပြောဆိုခဲ့သည်။[၄၄]

ဩဂုတ်လ ၃၁ ရက်နေ့တွင် ကယားပြည်နယ် ဒမိုဆိုမြို့နယ် တေဆူးကျေးရွာတွင် မြန်မာ့တပ်မတော်က ထောင်ထားသည်ဟု ယူဆရသော မြေမြုပ်မိုင်း နင်းမိသဖြင့် KNDF မှ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။[၄၅]

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပတ်လည်တွင် ချထားသော MM6 အမျိုးအစား မြေမြုပ်မိုင်းကို ဒေသခံ ပြည်သူ့စစ်များက ရှာဖွေတွေ့ရှိခဲ့သည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် မြန်မာ့တပ်မတော်ပိုင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် တရုတ်အစိုးရပိုင် Norinco Industries တို့ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။[၄၆]

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် KNLA ထိန်းချုပ်ထားသော ကူးတို့ဆိပ်အနီးတွင် မြန်မာစစ်တပ်က မိုင်းထောင်ထားခဲ့သည်ဟု ဒေသခံများက အခိုင်အမာပြောကြားခဲ့သည်။ ၎င်းမိုင်းများကြောင့်ဟု နောက်ပိုင်းတွင် ပြည်သူများ မိုင်းနင်းမိသည့် အဖြစ်အပျက်များဖြစ်ခဲ့ရသည်။[၄၇]

၂၀၂၂ ခုနှစ် ဇွန်လတွင် ကယားပြည်နယ် ဒေါငြိမ်းကူးကျေးရွာတွင် မြန်မာစစ်တပ်ကထောင်ထားသော မိုင်းများဟု ယူဆရသည့် မိုင်းကြောင့် KNDF ကလေးစစ်သားတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။[၄၈]

လွန်ခဲ့သည့် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကာကွယ်ရေးဝန်ကြီးရုံးမှ တာဝန်ရှိသူတစ်ဦးက နယ်စပ်ဒေသနှင့် အခြေခံအဆောက်အအုံများအနီးတွင် မြန်မာ့တပ်မတော်က မိုင်းများကို အသုံးပြုနေဆဲဖြစ်ကြောင်း Monitor သို့ ပြောကြားခဲ့သည်။[၄၉] တပ်မတော်သည် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများတွင် မြေမြုပ်မိုင်းများကို ဆက်လက်အသုံးပြုနေကြောင်း ကာကွယ်ရေးဒုဝန်ကြီး ဗိုလ်ချုပ်မြင့်

၄၁။ Ibid

၄၂။ Ibid

၄၃။ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၄၄။ မိုးဗြဲ PDF သည် ဘုရားကျောင်းကို မိုင်းခွဲထားသောကြောင့် ပြန်လာသူများကို ရှောင်ရှားသင့်ကြောင်း ဒေသခံတို့အား သတိပေးထားသည်။ "ရှမ်းပြည်နယ် မိုဘဲမြို့နယ် ကက်သလစ်ဘုရားကျောင်းမှ စစ်အစိုးရက လက်နက်များ သိမ်းဆည်းရမိသည်" ဟု မဇ္ဈိမ၊ စက်တင်ဘာ ၁၅၊ ၂၀၂၂ တွင် ကြည့်ပါ။

၄၅။ Free Burma Rangers ၊ "ကရင်နီ အစီရင်ခံစာ- မြန်မာစစ်တပ် တိုက်ခိုက်မှုများ ဆက်လက် သတ်ဖြတ်နေခြင်း၊ ရွာများကို စွန့်ပစ်ထားသော်လည်း လူများ လက်လျှော့ခြင်း မရှိသေးပါ"၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်။

၄၆။ ကြေးနီမိုင်းအနီးတစ်ဝိုက်တွင် မြန်မာ့တပ်မတော်ထောင်ထားသည့် မြေမြုပ်မိုင်း ၇၈ MM6 လုံးကို မြောက်ရာမားPDF မှ ရှင်းလင်းလိုက်သည်။ The Irrawaddy (Irrawaddy News) "စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ တရုတ်ကျောထောက်နောက်ခံပြု လက်ပံတောင်း ကြေးနီစီမံကိန်းကို ကာကွယ်ရန်အတွက် မြောက်ယမပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့မှ စစ်အစိုးရ စိုက်ပျိုးထားသည့် မြေမြုပ်မိုင်း ၇၈ လုံးကို ချေမှုန်းခဲ့သည်။ ဓာတ်ပုံ- North Yamar PDF" 19 ဩဂုတ် 2022၊ 09:09 UTC။

၄၇။ "Locals worry about junta's landmines in Kyaukgyi" Than Lwin Times, 27 July 2022.

၄၈။ Free Burma Rangers, "16-year-old Boy Loses Foot to Landmine Placed in Front of Burning Karenni Church," 15 June 2022.

၄၉။ "နယ်စပ်ဒေသတွေမှာ တပ်မတော်က အင်အားနည်းရင် သူတို့စခန်းချရာအနီးတဝိုက်မှာ မိုင်းတွေ ချထားပေမယ့် တပ်အင်အားနည်းတဲ့အခါမှသာဖြစ်ပါတယ်။ မိုက်ခရိုဝေ့ဖ်တာဝါတိုင်ကဲ့သို့သော အခြေခံအဆောက်အအုံများအနီးတွင် မိုင်းတွင်းများချထားပါတယ်။ ရွာတွေ နီးရင် သတိပေးတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေမှာ တပ်မတော်က စခန်းချပြီး နောင့်ယှက်တာ ရှိရင် စခန်းပတ်လည်မှာ မိုင်းတွေ ချထားပါတယ်။" Monitor နှင့် အစည်းအဝေး။ လက်ထောက်အတွင်းဝန် ဦးမင်းထိုက်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဇူလိုင် ၅၊ ၂၀၁၉။

နှယ်က ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံလွှတ်တော်သို့ တင်သွင်းပြောကြားခဲ့သည်။[၅၀]

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအတွင်း ကယားပြည်နယ် ဒီမောဆို၊ ဖရူဆိုနှင့် လွိုင်ကော်မြို့နယ်များတွင် မြန်မာ့တပ်မတော်က ထောင်ထားသော MM2 နှင့် MM6 လူသတ်မိုင်းများကြောင့် အရပ်သားသေဆုံးမှုများကို Amnesty International ၏ စုံစမ်းစစ်ဆေးမှုတွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရသည်။[၅၁]

ဒေသခံခြံသမားများကို ၎င်းတို့ အိမ်မွေးကျွဲနွားများကြောင့် လူသတ်မိုင်းများအတွက် လျော်ကြေး ပေးရမည်ဟု မြန်မာ့တပ်မတော်က ခြိမ်းခြောက်ထားကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပျဉ်းတော်ကျေးရွာမှ လယ်သမားများ မွေးမြူထားသော တိရစ္ဆာန်များသည် မညင်းတောင်ကျေးရွာရှိ ၎င်းတို့တပ်စခန်းအနီးတွင် စစ်တပ်က ထောင်ထားသော မိုင်းထိ၍ သေဆုံးခဲ့သည်။ ယင်းနောက် တပ်စခန်းမှတာဝန်ရှိသူများက ရွာသားများကို ဆင့်ခေါ်ပြီး ကျွဲနွားများကြောင့် မိုင်းပေါက်ကွဲပါက လျော်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။[၅၂]

ယခင်ကလည်း အလားတူဖြစ်ရပ်များကို ဖော်ပြခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ထီးဝါးကျေးရွာအုပ်စုတွင် အိမ်မွေးတိရစ္ဆာန်များ မိုင်းနင်းမိခဲ့သည်။ နောက်ပိုင်းတွင် မြန်မာ့တပ်မတော်မှ ရွာသားများအား ၎င်းတို့ပိုင် ကျွဲနွားများကို စားကျက် မလွှတ်ပေးရန် သတိပေးခဲ့ပြီး မြေမြုပ်မိုင်း ထပ်မံဖောက်ပြန်ပါက ပိုင်ရှင်များအား ဒဏ်ကြေးပေးဆောင်ရမည်ဟု သတိပေးခဲ့သည်။[၅၃] ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် မြန်မာ့တပ်မတော်စခန်းအနီး ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပေါက်တုံကျေးရွာတွင် မိုင်းထိ၍ တိရစ္ဆာန်များ သေဆုံးခဲ့သည်။ မြေမြုပ်မိုင်း ကုန်ကျစရိတ်အတွက် လယ်သမားက ၎င်းတို့အား အမေရိကန် ဒေါ်လာ ၉၅ ဒေါ်လာ နှင့် အသား ၃ ကီလိုဂရမ် ပေးခဲ့ရသည်။[၅၄]

## အမည်မသိ မိုင်းအသစ် အသုံးပြုမှုများ

မြန်မာနိုင်ငံတွင် တချို့ဖြစ်ရပ်များအတွက် မြန်မာ့တပ်မတော် သို့မဟုတ် အစိုးရမဟုတ်သောလက်နက်ကိုင် တစ်ဖွဲ့ဖွဲ့ကို (NSAG) တာဝန်ရှိကြောင်း အတိအလင်းပြောရန် ခက်ခဲလေ့ရှိသည်။ ယခင်က ဘေးကင်းသည်ဟု ယူဆကြသော်လည်း မကြာသေးမီက တဖန်ပေါ်ပေါက်လာသော လက်နက်ကိုင် ပဋိပက္ခ များကြောင့် မိုင်းကြောင့် ထိခိုက် သေဆုံးမှုများရှိကြောင်း ရွာသားများက အစီရင်ခံတင်ပြကြသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပြီး ဂျိုင်းချောင်း၊ ခွန်တုံ၊ လောင်ဒုံနှင့် ပတ်ကျင်းကျေးရွာများမှ မြိုတိုင်းရင်းသားများသည် လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းကို ရပ်နားထားရသည်။ အဆိုပါဒေသများတွင် မိုင်ထောင်ထားခြင်းကြောင့် ယခင်က နှစ်နှစ်မှစ၍ မိုင်းကြောင့်ထိခိုက်ဒုက္ခရောက်ခဲ့ရကြောင်း ရွာသားများက ပြောဆိုကြသည်။[၅၅]

၂၀၂၃ ခုနှစ် ဧပြီလတွင် KNLA နှင့် မြန်မာတပ်မတော်တို့ တိုက်ပွဲများဖြစ်ပွားခဲ့သည့် တောအုပ်တစ်ခုတွင် ဆေးဖက်ဝင်အပင်များခူးနေစဉ် အရွယ်ရောက်လူကြီးတစ်ဦးနှင့် ကလေးတစ်ဦး မိုင်းနင်းမိခဲ့သည်။ မည်သည့် အဖွဲ့အစည်းက မိုင်းထောင်ခဲ့သည်ကို ရှင်းရှင်းလင်းလင်းမသိရပေ။[၅၆]

၂၀၂၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့က ရှမ်းပြည်နယ် မော်မိုင်းမြို့နယ် နမ့်ပတ်ကျေးရွာအနီးတွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ တိုက်ပွဲဖြစ်ပွားရာ တောအုပ်အတွင်းအမျိုးသမီး

---

၅၀။ "Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016. တပ်မတော်သည် နိုင်ငံပိုင် စက်ရုံများ၊ တံတားများနှင့် ဓာတ်အားပေး တာဝါတိုင်များနှင့် တပ်မတော် စစ်ဆင်ရေးများတွင် ၎င်း၏ ကင်းစခန်းများကို ကာကွယ်ရန်အတွက် မြေမြုပ်မိုင်းများကို အသုံးပြုခဲ့ကြောင်း၊ တပ်မတော်က ကင်းစခန်းများမှ စွန့်ခွာသည့်အခါတွင် ထောင်ထားသည့် မိုင်းတွေ ပြန်ဖယ်ပေးကြောင်း သို့မဟုတ် တပ်သားတွေ မရှိသည့်အခါ မိုင်းရှိသည့် နေရာများတွင် သတိပေး ဆိုင်းဘုတ်များတပ်ထားကြောင်း ဒုဝန်ကြီးက ပြောသည်။

၅၁။ Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," 20 July 2022.

၅၂။ "Army warns that owners must pay if planted landmines are exploded by cattle," Narinjara News, 7 June 2023.

၅၃။ KHRG, "Hpa-an District Short Update: Landmine explosions in T'Nay Hsah Township, January to June 2023," 29 August 2023.

၅၄။ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုမှ Monitor အား ပေးထားသည့် အချက်အလက်။

၅၅။ "Landmine fears halt farming among ethnic Mro in northern Maungdaw Twsp," Development Media Group, 20 July 2023.

၅၆။ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၅၇။ "Child and Two Women Injured by Landmine in Mawkmai Township," Burma News International, 21 April 2023.

နှစ်ဦးနှင့် ကလေးတစ်ဦး ဟင်းချက်စရာရှာဖွေနေစဉ် မြေမြှုပ် မိုင်းနင်းမိခဲ့သည်။ မည်သည့်အဖွဲ့အစည်းက မိုင်းထောင်ခဲ့သည်ကို ရှင်းရှင်းလင်းလင်းမသိရပေ။[၅၇]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၊ တန်နူပယ်လ်ခရိုင်ရှိ မြန်မာ-အိန္ဒိယနယ်စပ်တွင် ထောင်ထားသော မြေမြှုပ်မိုင်းကြောင့် အလုပ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ နယ်စပ်ခြံစည်းရိုးတိုင်များ တပ်ဆင်ရန် အလုပ်သမားကို ငှားရမ်းထားခြင်းဖြစ်သည်။ အိန္ဒိယအာဏာပိုင်များက NSAGများထောင်သောမိုင်းဖြစ်သည်ဟု ပြောဆိုသော်လည်း တိတိကျကျ ဖော်ထုတ်နိုင်ခြင်း မရှိပေ။[၅၈]

ဇန်နဝါရီလ ၂၇ရက်နေ့က စစ်ကိုင်းတိုင်း၊ သာလဘာကျေးရွာတွင် တပ်မတော်၊ တပ်မတော် ထောက်ခံသော ပျူစောထီးပြည်သူ့စစ်များနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များအကြားဖြစ်ပွားသော တိုက်ပွဲအတွင်း ရွာသား ၇ ဦး မိုင်းနင်းမိ၍ သေဆုံးခဲ့သည်။ အဆိုပါ မိုင်းများကို မြန်မာစစ်တပ်နှင့် ပျူစောထီးတပ်များမှ ထောင်ထားခြင်းဖြစ်သည်ဟု ကာကွယ်ရေးတပ်များက ပြောဆိုသည်။ စစ်တပ်ကလည်း ကာကွယ်ရေးတပ်များထောင်ထားသောမိုင်းကြောင့် အရပ်သား ကိုးဦး သေဆုံးခဲ့သည်ဟု အခိုင်အမာပြောဆိုသည်။[၅၉]

၂၀၂၂ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်းနှင့် ၂၀၂၃ ခုနှစ် မတ်လတွင် ထပ်မံ၍ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ရွာသူရွာသားများသည် မြေမြှုပ်မိုင်းများ၏ သားကောင်များဖြစ်ခဲ့ရသည်။ အဆိုပါဒေသတွင် KNLA၊ မြန်မာတပ်မတော်နှင့် ကာကွယ်ရေးတပ်များသည် လှုပ်ရှားကြခြင်းကြောင့် မည်သည့်အဖွဲ့က မိုင်းထောင်သည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။[၆၀]

၂၀၂၂ ခုနှစ် ဇွန်လ (၂၀) ရက်နေ့ တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် တာကာချောင်းနှင့် အာဘောင်သာကျေးရွာများအကြား မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲဖြစ်ပွားရာနေရာအနီး ဟင်းသီးဟင်းရွက်ရှာဖွေရင်း စစ်ဘေးရှောင်ပြည်သူများ (IDP) စခန်းမှ အမျိုးသမီး နှစ်ဦး မြေမြှုပ်မိုင်း နင်းမိရာမှဒဏ်ရာရရှိခဲ့သည်။ မည်သည့်အဖွဲ့က မိုင်းထောင်သည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။[၆၁]

ဇွန်လ ၁၇ ရက်က ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် သာဖုံကျေးရွာအနီးတွင် တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့အကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နေရာအနီး၌ မြေမြှုပ်မိုင်းကြောင့် တောင်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မည်သည့်အဖွဲ့က မိုင်းထောင်သည်ကို ရွာသားများလည်း မပြောနိုင်ပေ။[၆၂]

၂၀၂၂ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် စည့ုင်းကျေးရွာအနီး တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲဖြစ်ပွားရာနေရာ၌ မြေမြှုပ်မိုင်းကြောင့် အမျိုးသားတစ်ဦး သေဆုံးပြီး၊ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ မည်သည့်အဖွဲ့က မိုင်းထောင်သည်ကို ရွာသားများက ပြောပြနိုင်ခြင်းမရှိပေ။[၆၃]

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် တလူချောင်းကူးကျေးရွာအနီးတွင် မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ တိုက်ပွဲဖြစ်ပွားရာနေရာ၌ အမျိုးသားတစ်ဦး မိုင်းထိ၍ သေဆုံးခဲ့သည်။ မည်သည့်အဖွဲ့က မိုင်းထောင်သည်ကို ရှင်းရှင်းလင်းလင်း မသိရပေ။[၆၄]

## ရက်စက်ကြမ်းကြုတ်မှု/အဓမ္မစေခိုင်း မိုင်းရှင်းလင်းခြင်း

မြန်မာ့တပ်မတော်သည် မိုင်းထောင်ထားသည့်နေရာများတွင် တပ်မများရှေ့၌ အရပ်သားများအား 'လမ်းပြများ' အဖြစ် အသုံးပြုကာ မြေမြှုပ်မိုင်းရှင်းသည့် အလေ့အကျင့်ကို ဆက်လက်လုပ်ဆောင်နေကြောင်း Monitor မှ တွေ့ရှိခဲ့သည်။ ၎င်းလုပ်ရပ်သည်

၅၇။ "Child and Two Women Injured by Landmine in Mawkmai Township," Burma News International, 21 April 2023.

၅၈။ "BRTF labourer injured in blast at Indo-Myanmar border," Ukhrul Times, 10 February 2023.

၅၉။ Online database of the Armed Conflict Location & Event Data Project (ACLED). See, ACLED website.

၆၀။ "Man killed by landmine in Kyaik Htee Yoe Wisa Mountain," Independent Mon News Agency, 25 March 2023.

၆၁။ Landmine blast injures two displaced women in Chin State," Development Media Group, 20 June 2022.

၆၂။ "Rathedaung couple injured in landmine blast," Development Media Group, 17 June 2022.

၆၃။ "IDP killed, another injured in Myebon Twsp landmine blast," Development Media Group, 14 June 2022.

၆၄။ "Minbya Twsp man found dead three days after landmine blast," Development Media Group, 10 February 2022.

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနဲ့ လူ့အခွင့်အရေးဥပဒေကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်းလည်း ဖြစ်သည်။[၆၅]

၂၀၂၃ ခုနှစ် မတ်လ ၂၁ ရက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်ချောင်းကျေးရွာရှိ တပ်မတော်စခန်းအနီးတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အထမ်းသမားတစ်ဦး သေဆုံးခဲ့သည်။[၆၆]

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ဟိန်းဇင်နှင့် မွေဘင်ကျေးရွာများမှ ဒေသခံအချို့ကို မြန်မာစစ်တပ်က လူသားဒိုင်းအဖြစ် အသုံးပြုရန် ဖမ်းဆီးခဲ့သည်။ ပြည်သူတချို့ မိုင်းထိခဲ့သည်။[၆၇]

၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က မြန်မာနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် ဒုက္ခသည် စုစုပေါင်း ၁.၉ သန်းရှိကြောင်း ထုတ်ပြန်ခဲ့သည်။[၆၈] မိုင်းရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိပဲ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်သို့ပြန်ကြရန် မြန်မာတပ်မတော်က အမိန့်ပေး ညွှန်ကြားနေသည်။[၆၉] မြေပုံအမှတ်အသားမရှိသော မိုင်းတွင်းများရှိနေခြင်းအပြင် မိုင်ပြန့်နှံ့နေရာများသို့ အတင်းအကြပ်ပြန်ခိုင်းခြင်းသည် ပြည်သူများကို လူသားမိုင်းရှင်းလင်းရေးသမားများအဖြစ် တွန်းပို့နေသလို ဖြစ်နေသည်။

## ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက် မိုင်းအသုံးပြုမှု

၂၀၂၂ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း မြန်မာ့တပ်မတော်မှ ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်တစ်လျှောက်နှင့် ရက္ခိုင့်တပ်တော်မှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် လူသတ်မိုင်းအသစ်များ ထောင်ခဲ့သည်။ မြန်မာဘက်ခြမ်း နယ်ခြားမှတ်တိုင် ၃၅ မှ ၅၂ ကြား နယ်နိမိတ်စည်းရိုးတွင် မိုင်းအသစ်များ ချထားခဲ့ရာ ၂၀၂၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၃ ခုနှစ်အစောပိုင်းတွင် အဆိုပါဒေသတွင် မိုင်းသင့်ပြည်သူဦးရေ သိသိသာသာ တိုးလာခဲ့သည်။[၇၀]

တပ်မတော်က တည်ဆောက်ထားသော နယ်စပ်စည်းရိုးကို မှောင်ခိုသမားများက ပုံမှန်ဖြတ်တောက်နေပြီး NSAG များကလည်း ဖြတ်သန်းသွားလာရန်အတွက် ခြံစည်းရိုးကို ဖြတ်တောက်ထားသည်။ မြန်မာ့တပ်မတော်က ခြံစည်းရိုးအတွင်း ကွက်လပ်များကို ရှာဖွေတွေ့ရှိပါက မိုင်းများ ပို၍ထောင်ထားနိုင်သည်။ ရက္ခိုင့်တပ်တော်နှင့် ဘင်္ဂလားဒေ့ရှ် အခြေစိုက် ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (RSO) တို့အကြား ပဋိပက္ခအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မိုင်းများထောင်ထားခဲ့သည်ဟု စွပ်စွဲချက်များရှိခဲ့သည်။[၇၁]

၂၀၂၂ ခုနှစ် စက်တင်ဘာလမှ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း နယ်စပ်ဒေသတွင် မိုင်းပေါက်ကွဲမှုဖြစ်စဉ်များစွာ ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့သည်။ အဆိုပါဖြစ်ရပ်များအနက် အများစုမှာ နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်ရန် သို့မဟုတ် တိရစ္ဆာန်များ ခိုး

---

၆၅။ လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း မြန်မာစစ်တပ်မှ အရပ်သားများအား လေ့ကျင့်သင်ကြားပေးခြင်း သို့မဟုတ် အကာအကွယ်ပစ္စည်းများမပါဘဲ မိုင်းရှင်းလင်းခိုင်းခြင်း သို့မဟုတ် မိုင်းတွင်းသို့ တပ်မတော်အတွက် လမ်းပြ သို့မဟုတ် ပေါ်တာအဖြစ် ထမ်းခိုင်းခြင်း နှင့်ပတ်သက်၍ Monitor အဖွဲ့က အစီရင်ခံတင်ပြခဲ့သည်။ ထိုသို့သောလုပ်ဆောင်ချက်များသည် လူတစ်ဦး၏ အသက်၊ လွတ်လပ်ခွင့်နှင့် လုံခြုံရေးတို့ကို ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော လူ့အခွင့်အရေးမှတ်တမ်းအား အပြည်ပြည်ဆိုင်ရာ အချိန်ကာလအလိုက် ပြန်လည်သုံးသပ်မှုအတွင်း၊ ၂၀၁၁ ခုနှစ်တွင် ICBL သည် လူသားမိုင်းရှင်းလင်းရေးသမားများ အသုံးပြုပုံအသေးစိတ်တင်ပြချက်ကို တင်ပြခဲ့ပါသည်။ လူ့အခွင့်အရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာ ကာလအပိုင်းအခြားပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်အဖွဲ့၊ ၁၀ ကြိမ်မြောက် အစည်းအဝေးကို ကြည့်ပါ။ "Summary prepared by the Office of the High Commissioner for Human Rights in accordance with paragraph 15(c) of the annex to Human Rights Council resolution 5/1," 18 October 2010.

၆၆။ "A porter killed after hitting landmine in Kyaiktiyo area," Than Lwin Times, 24 March 2023.

၆၇။ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုမှ Monitor အား ပေးထားသည့် အချက်အလက်။

၆၈။ UNHCR, "Myanmar Emergency Update (as of 31 July 2023)," 9 August 2023.

၆၉။ See, for example, "1,500 IDPs in Chin State town reportedly pushed to return home," Development Media Group, 29 March 2023; "Rakhine Chief Minister ignores IDP safety demand over landmines, while offering two months rice rations – if they return home," Narinjara News, 17 February 2023; "Over 500 refugees sent back by the military council without clearing landmines," Narinjara News, 3 March 2023; and "Over 600 refugees from three IDP camps in Kyauktaw forced to return home," Myanmar Peace Monitor, 23 March 2023.

၇၀။ Mine-Free Myanmar, "UPDATE: More landmine victims, Bangladesh-Myanmar/Burma border and in Maungdaw township from late 2022 new mine use on border," updated on 6 April 2023.

၇၁။ Ibid

သွင်းခြင်း သို့မဟုတ် ထိန်းကျောင်းသည့် အခြေအနေများဖြစ်သည်။[၇၂]

ယခင်ကလည်း ၂၀၁၇ ခုနှစ်တွင် မြန်မာ အစိုးရတပ်ဖွဲ့များက ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက် လူသတ်မိုင်းများ အသုံးပြုခဲ့သည့် အထောက်အထားများကို Monitor အဖွဲ့က ထုတ်ပြန်ခဲ့သည်။[၇၃] လူ့အခွင့်အရေးကောင်စီ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင် "မြန်မာ့တပ်မတော်သည် နယ်စပ်ဒေသများသာမက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြေမြှုပ်မိုင်းများ ထောင်ခဲ့သည်နှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်စွာ ကောက်ချက်ချရန် ခိုင်လုံသော အကြောင်းပြချက်များ ရှိကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်သာမက နယ်စပ်ဒေသနစ်ခုစလုံးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက် ထွက်ပြေးလာမည့် ရိုဟင်ဂျာ အရပ်သားများအား ထိခိုက်ဒဏ်ရာရစေအောင် ဒါမှမဟုတ် သတ်ဖြတ်ရန် ကြိုတင်ရည်ရွယ်ချက်နှင့်အတူ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေး၏ အစိတ်အပိုင်းအဖြစ်ဆောင်ရွက်ခဲ့သည်ဟု ဖော်ပြခဲ့သည်။"[၇၄]

ဘင်္ဂလာဒေ့ရှ်က အဆိုပါ မြေမြှုပ်မိုင်းအသုံးပြုမှုကို ရှုတ်ချခဲ့ပြီး လူမိုင်းအသုံးပြုမှု၊ ထုတ်လုပ်ခြင်းနှင့် လွှဲပြောင်းခြင်းတို့ကို ဆိုင်းငံ့ထားရန် မြန်မာနိုင်ငံအား တိုက်တွန်းခဲ့သည်။[၇၅] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာကြား နယ်စပ်ခြံစည်းရိုးကို ပြုပြင်ရန် ငှားရမ်းထားသည့် အလုပ်သမားနှစ်ဦး မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၇၆]

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မိုင်းများအသုံးပြုခြင်းကို မြန်မာအစိုးရက ငြင်းဆိုခဲ့ပြီး အထောက်အထားများကို "အကျိုးအကြောင်းဆီလျော်မှုမရှိ" ဟု ဖော်ပြခဲ့သည်။[၇၇] ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ် မိုင်းအသုံးပြုမှုတွင် မြန်မာက ပါဝင်ပတ်သက်မှုမရှိကြောင်း ထပ်မံငြင်းဆိုခဲ့သည်။[၇၈]

NSAG များသည် ဘင်္ဂလားဒေ့ရှ် နယ်စပ်အနီးတွင် မိုင်းများ ထောင်ထားသည့်ပုံရသည်။ ၂၀၂၃ ခုနှစ် ဇန်နဂါရီလတွင် နယ်စပ်အနီး တောင်ထူထပ်သောဒေသရှိ မိုင်းနင်းမိ၍ ကလေးတစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရ ကလေးငယ်များကို ရက္ခိုင့်တပ်တော်မှ ဆေးခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ မြန်မာ့ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့ ၎င်းနေရာတွင် ယခင်က တိုက်ပွဲများဖြစ်ပွားခဲ့ပြီး နစ်ဖက်တပ်များ ယခုထိ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။[၇၉]

---

၇၂။ Ibid. ဥပမာ ၂၀၂၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲကင်းစခန်း ၆ အနီးရှိ နယ်ခြားစောင့်ရဲကင်းစခန်း (၆) အနီးရှိ မိုင်းတစ်ခုအား နိုင်ကောင်ချာရီမှ ဘင်္ဂလာဒေ့ရှ် အမျိုးသားတစ်ဦး မိုင်းနင်းမိပြီး ကော့ဘဇားဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ခြေတောက်ဖြတ်တောက်ခံရသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ၂၅ ရက်နေ့တွင် အသက် ၂၅ နှစ်အရွယ် ဘင်္ဂလားဒေ့ရှ် အမျိုးသားတစ်ဦးသည် နယ်စပ်မှတ်တိုင်အနီး နယ်စပ်ဖြတ်ကျော် နွားခိုးမှောင်ခိုကူးခဲ့သည်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဘောရှူးသုတ်ကျေးရွာ အုပ်စု ၄၄/၄၅ တွင် မြေမြှုပ်မိုင်းနင်းမိသဖြင့် ကော့ဘဇားဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင်လည်း အဆိုပါဒေသရှိ နယ်စပ်ဖြတ်ကျော် နွားရောင်းဝယ်ရေး အမျိုးသားတစ်ဦး မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရရှိခဲ့ပြီး ကော့ဘဇားဆေးရုံတွင် ဆေးကုသမှု ခံယူခဲ့သည်။ 2023 ခုနှစ် ပထမနစ်လနှင့် 2022 ခုနှစ် နောက်ဆုံးလေးလအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကို မိုင်းကင်းစင်သော မြန်မာနိုင်ငံမှ မှတ်တမ်းတင်ခဲ့ပါသည်။

၇၃။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့က ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ခြမ်းကို ဖြတ်ကျော်ဝင်ရောက်လာတဲ့ ရိုဟင်ဂျာ အရပ်သားတွေကို ဒေသခံ သုတေသီတွေက တွေ့ဆုံမေးမြန်းရာတွင် နယ်စပ်ဘက်က ကုန်တင်ကားတစ်စီး မြန်မာနိုင်ငံဘက်ခြမ်းကို ရောက်ရှိလာတာကို တွေ့ခဲ့ရပြီး မြန်မာစစ်တပ်က စစ်သည်တွေကို သေတ္တာ ၃ လုံးနှင့် သယ်လာတာကို တွေ့ခဲ့ရသည်။ စစ်သားများသည် လူသတ်မိုင်းများကို သေတ္တာများအတွင်းမှ ဖယ်ရှားပြီး မြေကြီးထဲတွင် ထားခဲ့ပြီး နောက်ပိုင်းတွင် မိုင်းများ ထပ်မံထောင်ရန် ညဘက်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း ၎င်းတို့က ပြောသည်။ နယ်ခြားမှတ်တိုင်အမှတ်နှင့် ကပ်လျက် မောင်တောမြို့နယ် တောင်ပြိုလက်ယာကျေးရွာတွင် မိုင်းများ တူးဖော်ထားကြောင်း သုတေသီများ၏ ပြောကြားချက်အရ သိရသည်။ 31 ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာကြား ကုန်းမြေ နယ်နိမိတ် အစပြုသော နယ်နိမိတ်မျဉ်း ဖြစ်သော ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ။ အမည်မဖော်လိုသူ အမည်မဖော်လိုသူ ပြည်တွင်းအစိုးရမဟုတ်သော သုတေသီများနှင့် အီးမေးလ်နှင့် ဖုန်းအင်တာဗျူးများကို စောင့်ကြည့်ပါ။ 17 စက်တင်ဘာ 2017။

၇၄။ Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

၇၅။ Statement of Bangladesh, Mine Ban Treaty Fourth Review Conference, Oslo, 27 November 2019.

၇၆။ Kyaw Myo Aung, "Workers at border fence repair site in Maungdaw severely injured in landmine encounter," Development Media Group, 23 February 2021.

၇၇။ Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018. The statement said "...the security forces of Myanmar and Bangladesh have been conducting coordinated patrol along the border in the west of Myanmar. Coordinated patrol has been made for 19 times so far since August of this year. No incidents of landmines casualty have been reported in the area. Such accusation without concrete evidence will not help facilitate countries to join the convention."

၇၈။ Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 19 October 2020.

၇၉။ "Muslim child killed in Buthidaung landmine blast," Narinjara News, 27 January 2023.

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မြန်မာနိုင်ငံဗဟိုအစိုးရများနှင့် ပဋိပက္ခဖြစ်ပွားနေသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပြီဖြစ်သည်။ တစ်ချိန်တည်းတွင် မြန်မာ့တပ်မတော်သည် ပျူစောထီး၊ ပြည်သူ့စစ်တပ်ဖွဲ့ (PMF) နှင့် နယ်ခြားစောင့်တပ် (BGF) အပါအဝင် ပြည်သူ့စစ်အဖွဲ့များစွာ ထောက်ပံ့ဖွဲ့စည်းပေးခဲ့သည်။ ဤအဖွဲ့များသည် စစ်တပ်၏ အမိန့်အောက်တွင် အဓိက လှုပ်ရှားကြသော်လည်း သီးခြားလွတ်လပ်စွာလည်း လုပ်ဆောင်နိုင်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးကတည်းက စစ်တပ်ကို ဆန့်ကျင်သော တော်လှန်ရေးအဖွဲ့ အများအပြားကို တည်ထောင် ပေါ်ထွက်ခဲ့ပြီး အချို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအဖြစ် သတ်မှတ်ကြသည်။ PDF အဖွဲ့များသည် NUG ကို သစ္စာခံကြောင်း ကြေညာသည်။[၈၀] ပြည်တွင်းမီဒီယာများကလည်း အဆိုပါ အဖွဲ့များ "မြေမြှုပ်မိုင်း" အသုံးပြုမှုနှင့်ပတ်သတ်၍ မကြာခဏဆိုသလို အစီရင်ခံသည်။ ၎င်းမိုင်း အများစုသည် အဝေးထိန်း လမ်းဘေးပုံးများဖြစ်ပြီး အချို့မှာ လူသတ်မြေမြှုပ်မိုင်းများဖြစ်သည်။[၈၁]

မြန်မာနိုင်ငံတွင် တည်ရှိသော NSAG အရေအတွက်များပြားမှုကြောင့် မိုင်းအသုံးပြုမှုအတွက် NSAG တစ်ခုတည်းကို တာဝန်ရှိကြောင်း တိတိကျကျပြောဆိုရန် ခက်ခဲသည်။ ၁၉၉၉ ခုနှစ် Monitor စတင်အစီရင်ခံသည့်အချိန်မှစ၍ အဖွဲ့တော်တော်များများက မိုင်းများ အသုံးပြုကြသည်။[၈၂]

၂၀၂၂ နှစ်လယ်မှစ၍ Monitor သည် NSAGs ကြောင့်ဟု ယူဆရသည့် အောက်ပါဖြစ်ရပ်များကို ပြန်လည်သုံးသပ်ခဲ့သည်။

၂၀၂၃ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း စစ်တပ်ကိုတော်လှန်နေသည့် ဒေသခံကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ထောင်ထားသောမိုင်းကြောင့် လူသုံးဦး ဒဏ်ရာရခဲ့သဖြင့် နယ်စပ်ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံသို့ ပို့ဆောင်ကုသပေးခဲ့သည်။ ဤဖြစ်စဉ်အတွက် PDF တစ်ဖွဲ့က တာဝန်ရှိကြောင်း အသိအမှတ်ပြုသည်။[၈၃]

၂၀၂၃ ခုနှစ် မတ်လတွင် တနင်္သာရီတိုင်းဒေသကြီး ပလောမြို့နယ်တွင် PDF တစ်ဖွဲ့က ထောင်ထားသော တိုက်မိုင်းကြောင့် ရွာသား ၂ ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ မိုင်းများ ချထားခဲ့ကြောင်း PDF က နယ်မြေကာကွယ်ရန်အတွက် မိုင်းထောင်ခဲ့ကြောင်း ဖော်ပြသည်။[၈၄]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ် ပါဂျူးလမ်းဆုံအနီးတွင် အမည်မသိလူတစ်စုထောင်ထားသော မိုင်းနင်းမိရာမှ စစ်တပ် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၈၅]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နကတာကျေးရွာအနီးတွင် အမည်မသိအမျိုးသားတစ်ဦး ထောင်ထားသော မြေမြှုပ်မိုင်း နင်းမိရာသောကြောင့် ရှမ်းနီအမျိုးသားတပ်မှ တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၈၆] ထိုနေ့တွင်ပင် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မိုင်းကျေးရွာတွင် ကေအဲန်အယ်လ်အေ ထောင်ထားသော မိုင်းတစ်လုံးကို နင်းမိရာမှ အမျိုးသားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။[၈၇]

---

၈၀။ ၂၀၂၃ ခုနှစ် မေလတွင် NUG မှ မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၂၅၀ တွင် ဖွဲ့စည်းထားသော PDF တပ်ဖွဲ့ပေါင်း ၃၀၀ ကျော်ရှိကြောင်း အခိုင်အမာပြောကြားခဲ့သည်။ ကိန်းဂဏန်းအတိအကျကို အတည်ပြုရန် ခက်ခဲသည်။ "PDF သည် ၂ နှစ်အတွင်း တပ်ရင်းနှင့် စစ်ကြောင်း ၃၀၀ ကို တည်ထောင်ခဲ့သည်၊" People's Spring၊ 5 May 2023 ကိုကြည့်ပါ။

၈၁။ For example, in Monywa township, Sagaing region, three local militias stated that they attacked junta soldiers coming to clear mines. See, Aung Aung, "Revolutionaries attack junta forces with mines in Monywa," Tha Din News and Radio, 23 August 2022. In Ye-U township, Sagaing region, a coalition of local militias stated that when the Myanmar Armed Forces entered an area, they detonated the mines. See, Aung Aung, "Ten killed and many injured as junta troops mined in Ye-U," Tha Din News and Radio, 14 August 2022. The Taze People's Comrades in Taze township, Sagaing region, claimed that military vehicles triggered landmines they had laid near Doukgyi village. See, "More Than 40 Junta Troops Killed Across Myanmar," The Irrawaddy, 16 August 2021. Mines laid by the Southern Pauk Guerrilla Force in Pauk township, Magway region, killed 17 Myanmar Army troops. See, "Armed re-sistance replaces anti-coup protests in Pauk township," Frontier Myanmar, 31 August 2021.

၈၂။ On 15 October 2015, eight ethnic armed groups signed the Nationwide Ceasefire Agreement (NCA) with the government, committing to "end planting of mines" and "cooperate on the process of clearing all landmines." Since the February 2021 military coup, this commitment no longer appears to be operatioal.

၈၃။ "3 people seriously injured in Chin state land mine blast," Radio Free Asia, 15 March 2023.

၈၄။ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၈၅။ Free Burma Rangers, "Burma Army attacks and shifting power in Northern Burma, February 2023," 11 May 2023.

၈၆။ Ibid

၈၇၊ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၈၇။ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် KNLAက ထောင်ထားသောမိုင်းကြောင့် ကလေးတစ်ဦးသေဆုံးပြီး အရွယ်ရောက်ပြီးသူ တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ယင်းဒေသတွင် မြေမြုပ်မိုင်းများထောင်ထားကြောင်း KNLA က ရွာသားများကို အကြောင်းကြားထားပြီးဖြစ်သည်။[၈၈]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် KNLA က မြန်မာ့တပ်မတော်စခန်းအနီးတွင် မိုင်းထောင်ထားကြောင်း ဖာပွန်မြို့နယ် မကာဟဲကျေးရွာ အုပ်စုနေပြည်သူများကို KNLA မှ အသိပေးပြောကြားခဲ့သည်။ ဤသို့ သတိပေးချက်ကြားသည့်တိုင် ရွာသူရွာသား နှစ်ဦး မိုင်းထိခဲ့သည်။[၈၉]

ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်တွင် ရွာသားနှစ်ဦး KNLA မှ ထောင်ထားသော မြေမြုပ်မိုင်း နင်းမိခဲ့သည်။ ယခင်က စစ်တပ်က ၎င်းနေရာကို သိမ်းပိုက်ထားသော်လည်း စစ်တပ်များဆုတ်ခွာသွားချိန်တွင် KNLA မှ အစိုးရတပ်များ ပြန်မလာနိုင်ရန်အတွက် မိုင်းများ ထောင်ထားကြောင်း ဒေသခံများကို နှုတ်ဖြင့် သတိပေးချက် ထုတ်ပြန်ခဲ့သည်။ ဒေသခံအားလုံးက ၎င်းတို့ အဆိုပါသတင်းစကားကို မရကြဘူးဟု ပြောသည်။[၉၀]

ဇန်နဝါရီလ ၁၂ ရက်က ကချင်ပြည်နယ် ဖားကန့်မြို့နယ် ရှားဒူဇွတ်ကျေးရွာတွင် ဂျထူဇတ် ပြည်သူ့စစ် ထောင်ထားသော မြေမြုပ်မိုင်းကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိပြီး သမီးဖြစ်သူ သေဆုံးခဲ့ကြောင်း သိရသည်။[၉၁]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် စစ်ကိုင်းတိုင်း ကလေးမြို့နယ်အခြေစိုက် ကလေးပြည်သူ့ကာကွယ်ရေးတပ်မှ ဆေးမှူးတစ်ဦးသည် ဆေးဆရာတစ်ဦးသည် စစ်တပ်မှ ဝင်ရောက်စီးနင်းမည်ဟု သိလိုက်ရသောအခါတွင် သူ၏အိမ်တွင် မိုင်းများချထားခဲ့သည်။ ၎င်းမိုင်းကြောင့် စစ်တပ်များ အိမ်ဝင်စီးချိန်တွင် ဒဏ်ရာရခဲ့သည်။[၉၂]

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် PDF များထောင်ထားသော မိုင်းကွင်းတစ်ခုကို ပြင်ဆင်နေစဉ် PDF ရဲဘော်တစ်ဦး ကျဆုံးခဲ့သည်။[၉၃]

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဂူဒါပြင်ကျေးရွာတွင် ရိုဟင်ဂျာတစ်ဦးသည် ၎င်း၏ခြံဝင်းအတွင်း ရက္ခိုင့်တပ်ထောင်ထေားသာ မြေမြုပ်မိုင်းဖြင့် ခြေထောက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့သည်။[၉၄]

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကုန်းနီကျေးရွာနေ ရွာသားတစ်ဦးသည် အမည်မသိအဖွဲ့က ထောင်ထားသော မြေမြုပ်မိုင်းကြောင့် ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ၎င်းဒေသအနီး အခြေစိုက်သည့် မြန်မာတပ်မတော်မှ စစ်သားများအား ဆေးကုသပေးခဲ့သော်လည်း ဒဏ်ရာများဖြင့် အဆိုပါ ကျေးရွာသားသေဆုံးသွားခဲ့ကြောင်း သိရသည်။[၉၅]

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ တွင် KIA တပ်ဖွဲ့ဝင်များ နေရာယူထားသော ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်၊ ယန်ဝေါ် ကျေးရွာ မြန်မာ့တပ်မတော်မှ စစ်သားများ မိုင်းနင်းမိခဲ့သည်။[၉၆]

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်ရှိ ကမာမောင်းနှင့် ကတိုင်းတီးအကြားလမ်းကို KNLA၊ BGF နှင့် မြန်မာတပ်မတော်တို့က မိုင်းခွဲခဲ့ကြောင်း ရွာသားများက သတင်းပို့ခဲ့သည်။ အချို့လက်နက်ကိုင်အဖွဲ့များက အဆိုပါဒေသမှ မိုင်းများကို ဖယ်ရှားခဲ့ကြောင်း ပြောကြားခဲ့သော်လည်း အရပ်သားများ ထိခိုက်သေဆုံးမှုများ ရှိနေဆဲဖြစ်သည်။[၉၇]

---

၈၈။ Ibid

၈၉။ Ibid

၉၀။ Ibid

၉၁။ Online database of the Armed Conflict Location & Event Data Project (ACLED). See, ACLED website.

၉၂။ "Scores of Myanmar Junta Troops Hit by Land Mines While Raiding Resistance Member's Home," The Irrawaddy, 8 December 2022.

၉၃။ "Burma coup resistance notes October 13, 2022," Burma Coup Resistance Notes, 13 October 2022.

၉၄။ လက်နက်ကိုင် ပဋိပက္ခ စတင်ချိန်တွင် ရိုဟင်ဂျာ ဒုက္ခသည်များသည် ၎င်းတို့၏ ရွာမှ ထွက်ပြေး ခဲ့ကြသော်လည်း မြန်မာ တပ်မတော်က ရက္ခိုင့်တပ်တော် ကို တိုက်ထုတ်လိုက်အပြီးတွင် ပြန်လာခဲ့ကြသည်။ နေအိမ်သို့ ပြန်လာစဉ် မိုင်းနင်းမိပြီး ဒဏ်ရာရရှိခဲ့သဖြင့် ကျေးရွာစု မြောက်ဖက် စစ်မြေပြင်ဆေးရုံ၌ ဆေးကုသမှု ခံယူခဲ့သည်။ See, "Landmine explosion in Rohingya village; Rohingya man receives serious injury," Rohingya Korbor, 8 October 2022.

၉၅။ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၉၆။ Free Burma Rangers, "Burma Army Attacks And Human Rights Abuses Spread Across Northern Burma, September 2022," 5 January 2023.

၉၇။ KHRG, "KHRG Submission to the ICBL: August 2022–August 2023," undated.

၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တောင်ဂျာကျေးရွာတွင် PDF တစ်ဖွဲ့ ထောင်ထားသော မိုင်းကြောင့် စစ်သားများ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၉၈]

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အခြေစိုက် PDFတစ်ဖွဲ့က ၎င်း၏စခန်းပတ်လည်တွင် မြေမြုပ်မိုင်းများ ထောင်ထားသောကြောင့် မြန်မာတပ်မတော် စစ်သားများ အများအပြား ထိခိုက်သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။[၉၉] ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် KIA က ထောင်ထားသည်ဟူသော မိုင်းကြောင့် တပ်မတော်မှ တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[၁၀၀]

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နန်းဇော်ယန်လမ်းဆုံတွင် KIA က ထောင်ထားသောမိုင်းဟု ယူဆရသောမိုင်းကြောင့် စစ်သားများက မိုင်းထိခဲ့သည်ဟု သိရသည်။[၁၀၁]

ကရင်ပြည်နယ် ဖာပွန်မြို့နယ် မက်ကလောကျေးရွာ အုပ်စုတွင် KNLA နှင့် ကရင်အမျိုးသား ကာကွယ်ရေး အဖွဲ့ (KNDO) မှ ထောင်ထားသော မိုင်းများသည် ၂၀၂၂ ခုနှစ် အစောပိုင်းတွင် အစီရင်ခံမထားသော မိုင်းကြောင့် ထိခိုက်သေဆုံးရမှုများအတွက် တာဝန်ရှိသည်။ KNLA မှ နှုတ်ဖြင့် မိုင်းထောင်ထားသည်ဟု သတိပေးထားသော်လည်း ထိခိုက်မှုများ ရှိခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့တွင် KNLA စစ်သားများ ထောင်ထားသော မိုင်းကို အမျိုးသမီးတစ်ဦး နင်းမိခဲ့သည်။[၁၀၂] မတ်လတွင် KNLA မှ ထောင်ထားသော မိုင်းကို ရွာသားနှစ်ဦး နင်းမိခဲ့သည်။[၁၀၃] ဇန်နဝါရီလ ၉ ရက်နေ့တွင် ရွာသားတစ်ဦး မိုင်းနင်းမိသဖြင့် သေဆုံးခဲ့သည်။[၁၀၄]

၂၀၂၂ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း အမည်မသိ NSAG ထောင်ထားသော မိုင်းတစ်လုံးကြောင့် မြန်မာစစ်တပ်မှ စစ်သားလေးဦး ဒဏ်ရာရရှိခဲ့သည်။[၁၀၅]

၂၀၂၂ ခုနှစ် - ၂၀၂၃ ခုနှစ်အတွင်း စစ်တပ်ကို ဆန့်ကျင်တော်လှန်နေသည့်အဖွဲ့များက ကားမိုင်းများ အသုံးပြုခြင်းကြောင့်လည်း အရပ်သားသေဆုံးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ NSAG များသည် အဝေးထိန်း ကားမိုင်းများကိုလည်း အသုံးပြုခဲ့သည်။[၁၀၆] SAC သည် NSAG များကို တိုက်ခိုက်သည့်စစ်ဆင်ရေးအတွင်း လက်လုပ် မိုင်းများ သိမ်းဆည်းရရှိခဲ့သည်ဟု ဆိုသည်။[၁၀၇]

၂၀၂၁ ခုနှစ် မေလမှ ဒီဇင်ဘာလအထိ မြို့ပြဧရိယာများအတွင်းပေါက်ကွဲမှုများတွင် ဗုံးများအသုံးပြုခြင်း သို့မဟုတ် ထောင်ချောက်မိုင်းများ အသုံးပြုမှု ပါဝင်သည်။ ပေါက်ကွဲမှုများအများစုတွင် အမှိုက်များဖယ်ရှားသည့်အခါ ပေါက်ကွဲကြပြီး၊ ဖောက်ခွဲရေးပစ္စည်းများကို အနက်ရောင်ပလပ်စတစ်အိတ်ထဲတွင် ထည့်ထားကြလေ့ရှိသည်။[၁၀၈]

---

၉၈။ "Burma coup resistance notes August 29–31, 2022," Burma Coup Resistance Notes, 31 August 2022.

၉၉။ Aung Aung, "Ten junta soldiers mined and killed at a PDF camp," Tha Din News and Radio, 13 August 2022.

၁၀၀။ "KIA Landmine Injuries Burma Army In Hpakant," Burma News International, 16 August 2022.

၁၀၁။ Free Burma Rangers, "No Relief As The Burma Army Rains Down Attacks Through Monsoon Season In Northern Burma," 29 August 2022.

၁၀၂။ KHRG, "SAC indiscriminate mortar shelling, an attack of a villager by an SAC soldier, People's Defence Force (PDF) activity and a land mine incident, February to April 2022," 20 December 2022.

၁၀၃။ KHRG, "SAC shelling, displacement of villagers, livelihood challenges, healthcare and education situation, and landmine incidents, April to May 2022," 21 July 2022.

၁၀၄။ KHRG, "Arrests, threats and physical assault of villagers, mortar shelling, air strikes and a landmine incident in Bu Tho and Dwe Lo townships, December 2021 to March 2022," 14 July 2022.

၁၀၅။ Free Burma Rangers, "Burma Army Attacks in Northern Burma: An In-depth Report of March 2022," 10 May 2022.

၁၀၆။ See, for example, Ministry of Defense, "Unarmed Civilians Killed and Injured in Blast of Improvised Anti-Vehicle Mine Laid by A Group of KNLA Members who Support Terrorism," 24 March 2023; "4 killed, 2 seriously injured after a car hitting landmine in Loikaw," Burma News International, 7 February 2023; Ministry of Home Affairs, "Explosions of a Landmine Planted by PDF Terrorists Left Non-Profit Organization's Vehicle which were taken Patient Discharged from Hospital Damaged in Demoso Township," 10 February 2023; and "Rescue vehicle runs over mines, hurting crew mem-ber," Burma News International, 12 September 2022.

၁၀၇။ "Information Team of State Administration Council holds press conference 4/2021," Global New Light of Myanmar, 10 April 2021, p. 5. From the photographs, it was not possible to determine the technical characteristics of the mines.

၁၀၈။ The Monitor recorded at least 25 injuries or deaths among rubbish collectors in towns in Kayin and Shan states, and in the Magway, Sagaing, and Yangon regions between May and December 2021.

လွန်ခဲ့သည့်နှစ်များတွင် မြန်မာနိုင်ငံရှိ NSAG အဖွဲ့အချို့သည် ဆွစ်ဇာလန်အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) မှ စီမံခန့်ခွဲသော Geneva Call ကတိကဝတ်စာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် လူသတ်မိုင်းအသုံးပြုမှုကို တစ်ဖက်သတ်စွန့်လွှတ်ခဲ့သည်။[၁၀၉] ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) သည် ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏လက်နက်ကိုင်အဖွဲ့ဖြစ်သည့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က မိုင်းအသုံးပြုခြင်းမှ ရှောင်ကြဉ်မည်ဟု ယခင်က ကတိပြုထားသည်။[၁၁၀] ၂၀၁၇ ခုနှစ် ဇွန်လတွင် TNLA က အသစ်အသုံးပြုသည်ဟူသော စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး ကတိကဝတ်စာချုပ်ကို လက်မှတ်ရေးထိုးပြီးကတည်းက မြေမြှုပ်မိုင်းအသုံးမပြုကြောင်း အတည်ပြုခဲ့သည်။[၁၁၁] ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရက္ခိုင့်တပ်တော်က အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သည့် မြေမြှုပ်မိုင်းများကိုသာ အသုံးပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့သော်လည်း မြန်မာတပ်မတော်မှ ဖမ်းမိခဲ့သော လူသတ်မိုင်းများ၏ အခြေအနေနှင့် ပတ်သက်၍ အရိပ်အမြွက် ပြောကြားခဲ့ခြင်း မရှိပေ။[၁၁၂]

## *အကျဉ်းချုပ်*

လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှုတားမြစ်ခြင်း သဘောတူစာချုပ်ကို စိတ်ဝင်စားကြောင်း ဖော်ပြသော်လည်း ၎င်းတွင် ပါဝင်ရန် မည်သည့်အားထုတ်မှုကိုမှ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။ မြန်မာနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ကွန်ဖင်းရှင်းအစည်းအဝေးတွင် နောက်ဆုံးပါဝင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် ညီလာခံအား မြှင့်တင်ရန် အရေးကြီးသော နှစ်စဉ် ကုလသမဂ္ဂ အထွေထွေညီလာခံ (UNGA) ဆုံးဖြတ်ချက်ကို ပထမဆုံးအကြိမ် ထောက်ခံမဲ ပေးခဲ့သည်။

ယခင်က မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများကို မည်သည့်အခါမျှ အသုံးမပြု၊ ထုတ်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း မရှိကြောင်း ထုတ်ဖော်ခဲ့သည်။ သို့သော် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များသည် ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ် ပထမ နှစ်ဝက်တွင် ပြည်တွင်း၌ ထုတ်လုပ်သော ထပ်ဆင့်ပေါက်ကွဲစေသောဗုံးများကို အသုံးပြုခဲ့ကြောင်း အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။

## **မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှုတားမြစ်ခြင်း သဘောတူစာချုပ်ကို လက်ခံသဘောတူထားခြင်းမရှိပါ။[၁၁၃]

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် နိုင်ငံတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အုပ်ချုပ်ရေးကောင်စီ (SAC)က အကြီးအကဲပြု၍ ယာယီအစိုးရကို ဖွဲ့စည်းခဲ့သည်။ အာဏာသိမ်းမှုမတိုင်မီ ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၂၁ ခုနှစ် ဧပြီလတွင် ပြည်ပရောက် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂမှ မြန်မာနိုင်ငံ နေရာကို ရယူထားသည်။[၁၁၄]

မြန်မာနိုင်ငံသည် သဘောတူစာချုပ်ကို စိတ်ဝင်စားကြောင်း ဖော်ပြသော်လည်း ၎င်းတွင်ပါဝင်ရန် မည်သည့်အားထုတ်မှုကိုမှ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်

---

၁၀၉။ ယခင်က မြန်မာနိုင်ငံရှိ NSAGs အချို့နှင့် ယခင် NSAG အဖွဲ့များသည် ကတိကဝတ်စာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် လူသတ်မိုင်းများ အသုံးပြုမှုကို တစ်ဖက်သတ် စွန့်လွှတ်ခဲ့သည်။ ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော် (CNF/CNA) သည် ၂၀၀၆ ခုနှစ်တွင် အသုံးမပြုတော့ဘဲ အာရကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ (ARNO) နှင့် ရခိုင်အမျိုးသားညီညွတ်ရေးပါတီ (NUPA) တို့ နှစ်ဦးစလုံး ယခုအခါ စစ်ရေးအရ ရပ်ဆိုင်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူဒီမိုကရက်တစ်ပါတီ၊ LDF တပ်ဦး၊ ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော် (PSLA) နှင့် ပအိုဝ်း ပြည်သူ့ လွတ်မြောက်ရေး အဖွဲ့/ပအိုဝ်း ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် (PPLO/PPLA) တို့သည် ၂၀၀၇ ခုနှစ်တွင် အသုံးမပြုတော့ဘဲ၊ ၂၀၁၀ ခုနှစ် ဇွန်လတွင် LDF နှင့်၊ PPLA အဖွဲ့များ ဖျက်သိမ်းခဲ့ကြောင်း Geneva Call က မှတ်ချက်ပြုထားသည်။

၁၁၀။ Since 2014, Geneva Call has been pursuing inquiries about allegations of mine use made against the TNLA. See, Geneva Call, "Burma/ Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016

၁၁၁။ Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

၁၁၂။ "Military-planted landmines causing civilian casualties in Arakan State: AA spokesman," Development Media Group, 11 July 2022.

၁၁၃။ ယခင်တပ်မတော်အစိုးရက နိုင်ငံအမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုး အများအပြားနှင့် အခြားနိုင်ငံများက ယခုထိ Burma ဟု ဆက်လက်ရည်ညွှန်းခေါ်ဆိုကြသည်။

၁၁၄။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်စောင့်အစိုးရကို မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။

နိုင်ငံလုံးငြိမ်းချမ်းရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ပြီးမှသာ စာချုပ် မချုပ်ဆိုနိုင်သေးသ၍ စာချုပ်သို့ ၎င်းအနေဖြင့် ဝင်ရောက်နိုင်ခြင်းမရှိသေးကြောင်း ထပ်ခါတလည်းလည်း ပြောဆိုခဲ့သည်။[၁၁၅] မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော ခဲယမ်းများအား "ပစ်မှတ်မခွဲခြားဘဲသုံးစွဲခြင်း" နှင့် ပတ်သက်၍ စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ယင်းက "လုံခြုံမှုကင်းမဲ့စေခြင်း နှင့် ဆိုးဝါးသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုများ" ဆီသို့ ဦးတည်သွားနိုင်သည်ဟု ၎င်းကပြောဆိုသည်။[၁၁၆]

မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းတွင် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ်ခြင်း သဘောတူစာချုပ်ကို ဖန်တီးသည့် အော်စလိုလုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ အစည်းအဝေးတွင် ပါဝင်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပသည့် အခြား ဒေသဆိုင်ရာ ညီလာခံသို့လည်း တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံသည် မကြာသေးမီက ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း ဂျီနီဗာတွင် ကျင်းပခဲ့သော ဆယ်ကြိမ်မြောက် အစည်းအဝေးများတွင် လေ့လာသူအဖြစ် ပါဝင်ခဲ့ပြီး ယင်းညီလာခံတွင် တစုံတရာထုတ်ပြန်ခြင်းမရှိခဲ့ပေ။[၁၁၇] မြန်မာနိုင်ငံသည် အဆိုပါညီလာခံတွင် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲများကိုပါတက်ရောက်ခဲ့သည်။[၁၁၈]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် အရေးကြီးသော UNGA ဆုံးဖြတ်ချက်အား "တတ်နိုင်သမျှ အမြန်ဆုံး ပူးပေါင်းပါဝင်ရန်" ကွန်ဗင်းရှင်းအပြင်ဘက်ရှိ နိုင်ငံများကို တိုက်တွန်းသည့် အရေးကြီးသော အထွေထွေညီလာခံ ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သည်။[၁၁၉] မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီးကတည်းက သဘောတူစာချုပ်ကို မြှင့်တင်သည့် UNGA နှစ်ပတ်လည် ဆုံးဖြတ်ချက်ကို မဲမပေးဘဲနေလာခဲ့သည်။

မြန်မာနိုင်ငံသည် သမားရိုးကျလက်နက်များဆိုင်ရာသဘောတူစာချုပ်(CCW) သို့မဟုတ် မိုင်းအသုံးပြုမှု တားမြစ် ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်းမရှိပါ။[၁၂၀]

## ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများကို တင်သွင်းခြင်း သို့မဟုတ် ရယူခြင်းများ ယခင်က လုပ်ဆောင်ခဲ့ဖူးခြင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ သိုလှောင်ထားခြင်း ရှိမရှိကို ရှင်းလင်းစွာ မသိရပေ။

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်သည်ဟု မသိခဲ့ပေ။ သို့သော် ၂၀၂၃ ခုနှစ်တွင် ထွက်ပေါ်လာသော အထောက်အထားများအရ မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ်မှ စ၍ ထပ်ဆင့်ပေါက်ကွဲစေသော ဗုံးများ ထုတ်လုပ်ထားပြီး ဖြစ်နိုင်သည့်အပြင် နိုင်ငံအတွင်း တိုက်ပွဲအများအပြားတွင် အသုံးပြုခဲ့သည်။[၁၂၁] (အောက်ဖော်ပြပါ အသုံးပြုမှု အခန်းကိုရှု)

---

၁၁၅။ Myanmar Explanation of Vote on Resolution L.45, United Nations General Assembly (UNGA) First Committee, New York, 6 November 2019. မြန်မာနိုင်ငံသည် စာချုပ်သို့ဝင်ရောက်လိုကြောင်း ယခင်က ရိပ်သန်းပြောဆိုခဲ့ဖူးသည်။

၁၁၆။ Myanmar Explanation of Vote on Resolution L.41, UNGA First Committee on Disarmament and International Security, New York, 31 October 2017. UNGA, Official Records, A/C.1/72/PV26, pp. 18–19 and 29. Myanmar has made similar statements on previous occasions. See, statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 15 October 2015; statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 30 October 2013; and statement of Myanmar, UNGA First Committee on Disarmament and Inter-national Security, New York, 24 October 2012.

၁၁၇။ မြန်မာနိုင်ငံသည် ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ညီလာခံ နှင့် ၂၀၁၂ ခုနှစ် ညီလာခံ တွင် လေ့လာသူအဖြစ် ပါဝင်ခဲ့ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလ တို့တွင် ကျင်းပ ခဲ့သော ဒုတိယအကြိမ် ပြန်လည် သုံးသပ်ခြင်း ညီလာခံများလည်း ပါဝင်ခဲ့ပါသည်။

၁၁၈။ Permanent Mission of the Philippines to the United Nations (UN) in Geneva press release, "Philippines hosts webinar to promote Convention on Cluster Munitions among ASEAN Member States," 29 July 2020.

၁၁၉။ "Implementation of the Convention on Cluster Munitions," UNGA Resolution 77/79, 7 December 2022.

၁၂၀။ မြန်မာနိုင်ငံတွင် 122mm Type-81၊ Type-90B နှင့် M1985 240mm မြေပြင်မှ မြေပြင်ပစ်ဒုံးပစ်လောင်ချာများ ပိုင်ဆိုင်ထားသော်လည်း ၎င်းတို့တွင် ဒုံးကျည်ပစ်လွှတ်နိုင်သော ဇာရှင်များ ပါဝင်ခြင်း ရှိမရှိ မသိရသေးပါ။ See, Myanmar Defense Weapons, "Some modern military weapons of Myanmar Ar-my," 20 March 2014; and Hla Oo's Blog, "Burma Army's MRLS or Multi Rocket Launcher Systems," 23 March 2014.

၁၂၁။ Landmine and Cluster Munition Monitor, "Briefing Paper: Cluster Munition Production and Use in Myanmar/Burma," 31 August 2023.

ဤ ထပ်ဆင့်ပေါက်ကွဲစေသောခဲယမ်းများသည် 120 mm မော်တာကျည်ဆံများတွင် ထပ်ဆင့်လေကွဲ လက်နက်များ အဖြစ် ထည့်သွင်းထားသော ဝေဟင်ပစ်ဗုံးဖြစ်သည်။ ထပ်ဆင့်ပေါက်ကွဲဗုံးတစ်ခုစီတွင် ထိတွေ့မှုကြောင့် ပေါက်ကွဲစေသည့် ဖြူ့ဇ် နှင့် ချိတ်တွဲထားသော ပလပ်စတစ် ဒလက်တစ်ခုပါရှိသည်။ ထပ်ဆင့်ပေါက်ကွဲဗုံးထိပ်ဖူးတစ်ခုတွင် အတွင်းကိုယ်ထည်တွဲလျက် ထိပ်ဖူးငယ် ၁၂ ခုစီပါသည်။

ဤထပ်ဆင့်ပေါက်ကွဲဗုံး၏ မူလဇစ်မြစ်ကို မသိရသေးသော်လည်း ၎င်းသည် မြန်မာနိုင်ငံအစိုးရပိုင် လက်နက်ထုတ်လုပ်ရေး စက်ရုံ "ကပစ" သို့မဟုတ် မြန်မာကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံ မှ ထုတ်လုပ်သော အခြားထုတ်ကုန်များနှင့် ဆင်တူသည်။ သို့သော် ဗုံးအစများတွင် မည်သည့်နေရာတွင် ထုတ်လုပ်ခဲ့သည် သို့မဟုတ် တပ်ဆင်ထားသည်ကို ညွှန်ပြသည့် အမှတ်အသားများ မရှိတော့ပေ။ ဗုံးစအချို့ပေါ်တွင် အစိမ်းရောင်ဆေးခြယ်မှုအောက်တွင် မြင်ရသော အင်္ဂလိပ်နှင့် ထိုင်းဘာသာဖြင့် စာလုံးများအရ ထိုင်းနိုင်ငံတွင် ပြုလုပ်ထားကြောင်း ဖော်ပြသည်။[၁၂၂]

ဤလက်နက်၏ ဓာတ်ပုံအထောက်အထားများနှင့်သက်သေဖော်ပြချက်များအရ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများတားမြစ်ခြင်းသဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်း အဓိပ္ပါယ် သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း ညွှန်ပြနေသည်။ "အလေးချိန် ၂၀ ကီလိုဂရမ်အောက်ရှိသော ထပ်ဆင့်ပေါက်ကွဲစေတတ်သော ယမ်းများကို ဖြန့်ထွက်ပေးနိုင်သော သို့မဟုတ် လွှတ်ထုတ်ပေးနိုင်သော ဒီဇိုင်းထုတ်ထားသည့် သမားရိုးကျ စစ်လက်နက် ခဲယမ်းများအသုံးပြုမှုကို" သဘောတူစာချုပ်က ပိတ်ပင်သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များက မြန်မာနိုင်ငံတွင် မဆိုသလောက်သော ထပ်ဆင့်ပေါက်ကွဲစေသော ဗုံးအသုံးပြုမှုကို မှတ်တမ်းပြုထားသော်လည်း မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်များ ထုတ်လုပ်ခြင်း သို့မဟုတ် အသုံးပြုခဲ့ကြောင်း မသိရှိပါ။ မြန်မာနိုင်ငံအရှေ့မြောက်ဖက်ခြမ်းတွင် လှုပ်ရှားနေသော အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)က ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်သည် ကချင်ပြည်နယ် လိုင်ဇာမြို့အနီးတွင် ခေတ်မီ ထပ်ဆင့်ပေါက်ကွဲစေသောဗုံးများနှင့် ပုံစံတူသော လက်နက်ဟောင်းကို အသုံးပြုခဲ့သည်ဟု စွပ်စွဲထားသည်။[၁၂၃] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) မှ သုံးသပ်ထားသော ဓာတ်ပုံများတွင် ပြသ ထားသည့် "အဒတ်ပတာ" နှင့် ပေါင် ၂၀ အလေးချိန်ရှိသော ဖြန့်ထွက်ဗုံးများသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ တားမြစ်ခြင်းသဘောတူစာချုပ်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနိုင်ကြောင်း Monitor မှ တွေ့ရှိခဲ့သည်။[၁၂၄]

ယခင်က ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ ၎င်းသည် " ဤသဘောတူစာချုပ်အရ တားမြစ်ထားသော ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ တီထွင်ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မည်သူ့ကိုမျှ ပါဝင်ပတ်သက်ရန် အားပေးကူညီခြင်း သို့မဟုတ် သွေးဆောင်ခြင်း မပြုလုပ်" ဟု ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင် ပြောဆိုခဲ့သည်။[၁၂၅]

---

၁၂၂။ အမည်မဖော်လိုသူ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ အရာရှိတစ်ဦးက စောင့်ကြည့်လေ့လာရေးသို့ ပေးပို့လာသော ဆန်းစစ်ချက်ဓာတ်ပုံများ။ အလားတူ လက်နက်ဓာတ်ပုံနှစ်ပုံကို အမှတ်အသားပါ စာသားများကြောင့် Khit Thit Media မှ ထိုင်းနိုင်ငံမှ ဖြစ်သည်ဟု လွဲမှားစွာ ဖေါ်ပြထားသည်။ ယင်းလက်နက်ကို ထပ်ဆင်ပေါက်ကွဲကျည်ဆန်ဟု သတ်မှတ်ဖော်ပြထားခြင်းမရှိပေ။ See, Facebook post by Khit Thit Media, 23 April 2023.

၁၂၃။ "Burma army allegedly uses cluster bombs to take KIO position," မြန်မာ့သတင်း နိုင်ငံတကာသတင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက်၊ ၂၀၁၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကချင်အမျိုးသားကောင်စီ (KNC) ၏ လက်ထောက်အတွင်းဝန်က အမည်မသိ ဝေဟင်ပစ်ဗုံးအမျိုးအစားကို ပြသထားသည့် ဓာတ်ပုံများကို CMC သို့ ပေးပို့ခဲ့ကြောင်း၊ KIA ၏ ဗျူဟာမြောက် ကင်းစခန်းများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်တို့တွင် မြန်မာ့လေတပ်မှ လေကြောင်းတိုက်ခိုက်မှုများအတွင်း ပေါင် ၂၀ ဖြန့်ခွဲ ဗုံးများကို အသုံးပြုခဲ့သည်။ KNC ၏ အဆိုအရ "ဤအမျိုးအစားကို မြန်မာပြည်ပြည်တွင်းစစ်တွင် ယခင်က တစ်ခါမျှ အသုံးမပြုခဲ့ဖူးပါ။ ဓာတ်ပုံများတွင် CMC ထံသို့ ပေးပို့သော အီးမေးလ်တွင် ပါဝင်သော ဒုတိယ အတွင်းဝန် ဦးခွန်ထွိုက်၊ KNC၊ 19 ဧပြီ 2013။

၁၂၄။ မြန်မာ အစိုးရ တပ်ဖွဲ့များသည် ဖြန့်ခွဲ ဗုံးခြောက်လုံးအား အဒက်တာတွင် တပ်ဆင်ခဲ့ကြောင်း အထောက်အထားများ ရှိပြီးနောက် ဝေဟင်မှ ကျဲချသည့်ဗုံးအဖြစ် အသုံးပြုသည့် အထောက်အထားများ ရှိသည်။ ဓာတ်ပုံများတွင် အမေရိကန်ပြည်ထောင်စု မှထုတ်လုပ်သော M1 cluster adapter နှင့် ပုံစံ ဆင်တူသည့် သတ္တုမြွှန်အဝိုင်းကို ပြသထားသည်။ သေးငယ်သော ဖြန့်ခွဲဗုံးများကို ဒုတိယကမ္ဘာစစ်ခေတ် လက်နက်ခဲယမ်းများထက် ပိုမိုခေတ်မီသော ဒီဇိုင်းဖြစ်သည်။ အမည်မဖော်လိုသူ တပ်မတော်အရာရှိတစ်ဦးက အဆိုပါလက်နက်ကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ထို့အပြင် အဆိုပါ လက်နက်များတွင် မြန်မာ့တပ်မတော်မှ အသုံးပြုသည့် အမှတ်အသားများဖြစ်ကြောင်း တပ်မတော်အမြောက်တပ်ဖွဲ့မှ အရာရှိဟောင်းတစ်ဦးက အတည်ပြုပြောကြားသည်။

၁၂၅။ Statement of Ye Minn Thein, Ministry of Foreign Affairs, Regional Conference on the Promotion and Universalization of the Convention on Cluster Munitions, Bali, 16 November 2009.

## အသုံးပြုမှု

ယခင်က မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုခြင်းကို ငြင်းဆိုထားသည်။ ၂၀၁၅ ခုနှစ်တွင် UNGA ၌ မြန်မာနိုင်ငံက " ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို.... စစ်ဆင်ရေးများတွင် ဘယ်သောအခါမှ အသုံးမချပါ" ဟု ပြောကြားခဲ့သည်။[၁၂၆]

၂၀၂၂ ခုနှစ်တွင် နိုင်ငံအနှံ့အပြားတိုက်ခိုက်မှုများတွင် မြန်မာစစ်တပ်သည် ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲဗုံးတစ်လုံးကို အသုံးပြုခဲ့ကြောင်း အထောက်အထားများ ထွက်ပေါ်လာပြီး ၂၀၂၃ ခုနှစ် ဇွန်လအထိ လတ်တလော အစီရင်ခံတင်ပြထားသည့် အတိုင်း အသုံး ပြုခဲ့ကြောင်း အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။

Monitor သည် ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ချင်း၊ ကယား၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မြန်မာ့လေတပ် တိုက်ခိုက်မှုများမှ ထပ်ဆင့်ပေါက်ကွဲ ဗုံးအကြွင်းအကျန်များ၏ ဓာတ်ပုံများကို ပြန်လည်သုံးသပ်ထားသည်။

ပြီးခဲ့သော ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ်ကျေးရွာ လေကြောင်းတိုက်ခိုက်မှုအပြီး ရရှိသည့်ဓာတ်ပုံများတွင် ပျက်စီးသွားသော စာသင်ကျောင်းတစ်ကျောင်းတွင် ထပ်ဆင့်ပေါက်ကွဲဗုံးအကြွင်းအကျန်များကို တွေ့ရှိခဲ့ရသည်။[၁၂၇]

၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် ဆောင်းဖွေကျေးရွာရှိ ဆေးရုံတစ်ရုံကို မြန်မာလေတပ်၏ တိုက်ခိုက်မှုကြောင့် ထပ်ဆင့်ပေါက်ကွဲဗုံးအကြွင်းအကျန်များကိုတွေ့ရှိခဲ့ပြီး ဆရာဝန်နှစ်ဦးအပါအဝင် လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သို့သော် ထိခိုက်သေဆုံးမှုများသည် ၎င်း တိုက်ခိုက်မှုအတွင်း အသုံးပြုသည့် အခြားလက်နက်များကြောင့်လည်း ဖြစ်နိုင်သည်။[၁၂၈] ထိုနေ့တွင်ပင် ကရင်ပြည်နယ် မြဝတီမြို့နယ် မယ်ကနေရွာအနီးတွင် မြန်မာလေတပ်မှ ထပ်ဆင့်ပေါက်ကွဲ ဗုံးကြဲချသဖြင့် အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့သည်။[၁၂၉]

၂၀၂၃ ခုနှစ် ဧပြီလ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ထိခိုက်သေဆုံးမှုများရှိခဲ့သည့် နောက်ထပ် တိုက်ခိုက်မှုတွင်လည်း ထပ်ဆင့်  ပေါက်ကွဲ ဗုံးအသုံးပြုမှု ပါဝင်သည်။ အရပ်သား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လ လေကြောင်း တိုက်ခိုက်မှုအပြီး ရရှိခဲ့သည့် ထပ်ဆင့်ပေါက်ကွဲဗုံးအကြွင်းအကျန်များသည် ယခင်ကလည်း ထိုမြို့နယ်တွင်ပင် ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ပြောဆိုသည်။[၁၃၀]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၇ ရက်နေ့အတွင်း  ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကွန်သာ၊ နမ့်မဲကန်နှင့် ဝါရစ်စူပလီးယားကျေးရွာများအနီး မြန်မာလေတပ်မှ ဗုံးကြဲတိုက်ခိုက်မှုတွင် မျက်မြင်သက်သေများက ထပ်ဆင့်ပေါက်ကွဲဗုံးများအသုံးပြုကြောင်း ညွှန်ပြနေသည့် ပေါက်ကွဲသံများစွာကြားခဲ့ရကြောင်း နောက်ပိုင်းတွင် ထပ်ဆင့်ပေါက်ကွဲဗုံစများ တွေ့ရှိခဲ့ကြောင်း သိရသည်။ “လေယာဉ်က Yak 130 အမျိုးအစားဖြစ်ပြီး ဒဏ်ရာရရှိသူ ၂၀ ကျော်နဲ့ ၇ ဦး သေဆုံးခဲ့ပါတယ်။ တခြား သူတွေလည်း သာမန် ဗုံးတွေနဲ့ ရော့ကတ်တွေထိလို့ သေဆုံးခဲ့ပါတယ်”ဟု ၎င်းဗုံးကြဲခံရသည့်နေရာသို့ရောက်နေသည့် လူသားချင်းစာနာမှုအထောက်အကူပြုလုပ်သားတစ်ဦးက Monitor သို့ ပြောပြခဲ့သည်။[၁၃၁]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် ထိုင်းနယ်စပ်နှင့်ကပ်လျက် ကရင်ပြည်နယ် မြဝတီမြို့နယ် ပီလောင်ကျေးရွာတွင် ၂၀၂၂ ခုနှစ် မေ ပြီ တိုက်ခိုက်မှုအတွင်း ပြည်တွင်းထုတ် ဗုံးဟု ယူဆရသော အကြွင်းအကျန်များ၏ ဓာတ်ပုံများကို ထုတ်ပြန်ခဲ့သည်။[၁၃၂]

---

၁၂၆။ Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 15 October 2015.

၁၂၇။ Facebook post by Karen National Union (KNU), 7 June 2023. Subsequent correspondence on Signal with a KNLA officer, 20 June 2023. The KNLA officer requested anonymity.

၁၂၈။ Facebook post by Karenni Human Rights Group, 25 April 2023; and email exchange between Karenni Human Rights Group and the Monitor, 2023.

၁၂၉။ ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ Signal တွင် KNLA အရာရှိတစ်ဦးမှ Monitor အား ပေးအပ်ထားသည့် ဓာတ်ပုံအထောက်အထားများ။ KNLA အရာရှိမှ အမည်မဖော်လိုသူ တောင်းခံထားသည်။

၁၃၀။ Amnesty International, “Deadly Cargo: Exposing the Supply Chain that Fuels War Crimes in Myanmar,” နိုဝင်ဘာ 2022၊ စစ ၂၈-၂၉။ ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုပြီးနောက် မှတ်တမ်းတင်ထားသော 'splatter' ပုံစံကို Monitor မှ မော်တာတိုက်ခိုက်မှု အဖြစ် သတ်မှတ်ခဲ့သည်။ ၎င်းအား ဝေဟင်မှကြဲချထားသည့် ထပ်ဆင့်ပေါက်ကွဲဗုံးမှ ကျည်ဆန်တစ်ခုဟု အစီရင်ခံစာတွင် ယူဆထားသည်။

၁၃၁။ Email correspondence with David Eubanks, Founder, Free Burma Rangers (FBR), 21–23 May 2023.

၁၃၂။ KHRG, “Bombs and Bullets Like Rain: Air strikes in the ‘peace town’ and places of refuge in Dooplaya District, December 2021 to May 2022,” 23 December 2022. See, photographs of cluster bomb tail, nose, and framing bent from impact, p. 10. KHRG did not identify the bomb type.

## သက်ရောက်မှု

မြန်မာနိုင်ငံသည် တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပျံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းများ ထောင်ထားသည်။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက မိုင်းအသစ်များ ဆက်လက်ထောင်နေဆဲဖြစ်သည်။ မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏ အတိအကျကို ခန့်မှန်းနိုင်ခြင်း မရှိသော်လည်း လက်လုပ်မိုင်းများနှင့် နိုင်ငံတွင်း အစိုးရ စက်ရုံထုတ်မိုင်းများ ပါဝင်သည်။[၁၃၃]

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်သော အာဏာပိုင်အဖွဲ့အစည်းမရှိပေ။ နိုင်ငံတကာ မိုင်းရှင်းလင်းရေးအဖွဲ့များကိုလည်း မိုင်းရှင်းခွင့် ခွင့်ပြုထားခြင်းမရှိပေ။[၁၃၄] ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဦးဆောင်သော မြန်မာနိုင်ငံရှိ မိုင်းအရေးဆောင်ရွက်မှုအဖွဲ့သည် မိုင်းအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းနှင့် မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေး ခြင်းဆိုင်ရာ ညှိနိုင်းဆောင်ရွက်မှုများကို ပံ့ပိုးပေးပါသည်။[၁၃၅]

မြန်မာနိုင်ငံတွင် မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်အကြွင်းအကျန်များ (ERW) ကြောင့် အသေအပျောက် မှတ်တမ်းတင်ခံရမှုသည် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တွင် သိသိသာသာ တိုးလာသည်။ မိုင်းအန္တရာယ်ပညာပေး ကြိုးပမ်းမှုများသည် နိုင်ငံတွင်းအိုးအိမ်မဲ့ ပြည်သူများ (IDP) စခန်းများအတွက် ဦးစားပေးဆောင်ရွက်ခဲ့သည်။ ၎င်းကျေးရွာများသည် မိုင်းဖြန့်ကျက်မှုကျယ်ကျယ်ပြန့်ပြန့် ရှိနေပြီး၊ လက်ရှိ ပဋိပက္ခဖြစ်နေသော နေရာများလည်းဖြစ်သည်။[၁၃၆]

## ပြန့်နှံ့မှု

### *မြေမြှုပ်မိုင်းပြန့်နှံ့မှု*

မြန်မာနိုင်ငံတွင် မိုင်းပြန့်နှံ့မှုအတိုင်းအတာကို အတိအကျ ခန့်မှန်းမှု မရှိပေ။ ၂၀၂၂ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်မှလွဲ၍ နိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် မိုင်း/ ERW ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။ ၎င်းအချက်သည် Monitor အဖွဲ့နှင့် Myanmar Information Management Unit (MIMU) ပူးပေါင်း၍ ထုတ်လုပ်သော လူသတ်မိုင်း/ ERW ပြန့်နှံ့မှု နှင့် ထိခိုက်သေဆုံးမှု ယုံကြည်ရလောက်သော အစီရင်ခံစာများပါရှိသော မြို့နယ်များ၏ နှစ်စဉ် မွမ်းမံထားသော မြေပုံကို အခြေခံထားခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင် မိုင်းသင့်မြို့နယ် စုစုပေါင်း ၁၆၈ မြို့နယ် ရှိခဲ့ပြီး၊ ၂၀၂၁ ခုနှစ် တွင် ၁၄၇ မြို့နယ်၊ ၂၀၂၀ ခုနှစ်တွင် တွင် ၁၀၀ မြို့နယ်မှ တိုးများလာခြင်းဖြစ်သည်။ ထို့ကြောင့် ယခုအကြိမ်သည် မြို့နယ်ပေါင်း (၃၃၀) ၏ ထက်ဝက်ကျော်တွင် မိုင်း/ ERW ပြန့်နှံ့မှုရှိကြောင်း ပထမဦးဆုံးအကြိမ် အစီရင်ခံခြင်းဖြစ်သည်။[၁၃၇]

မြန်မာနိုင်ငံတစ်ဝှမ်းတွင် မိုင်းများ မြောက်များစွာ ထောင်ထားသည်။ မြန်မာစစ်တပ်သည် ကျေးရွာများ၊ နေအိမ်များအနီးနှင့် ဘုရားကျောင်းများကဲ့သို့သော အများသူငှာ အဆောက်အဦများအနီးတွင် မကြာခဏ မြေမြှုပ်မိုင်းများထောင်ထားကြောင်း အစီရင်ခံစာများတွင် ဖော်ပြသည်။[၁၃၈] ၂၀၂၂ ခုနှစ်အတွင်း တပ်မတော်မှ မိုဘိုင်းလ်ဖုန်းတာဝါတိုင်များ၊ ကြေးနီမိုင်းများနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို ကာကွယ်ရန်အတွက် လူသတ်မိုင်းများ ချထားခဲ့ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။[၁၃၉]

---

၁၃၃။ Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," 20 July 2022.

၁၃၄။ United Nations (UN) Mine Action Strategy 2019–2023, Inter-Agency Coordination Group on Mine Action Monitoring and Evaluation Mechanism, "Thematic Study on Gender and Diversity Mainstreaming in UN Mine Action – the Cases of Colombia and Myanmar," undated, p. 8.

၁၃၅။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 4," 31 May 2022, p. 4.

၁၃၆။ United Nations Office for the Coordination of Humanitarian Affairs (UNOCHA), "Humanitarian Response Plan: Myanmar: End-Year Report 2022," 11 April 2023.

၁၃၇။ MIMU, "Townships with Suspected Landmine/ERW Contamination (1999–2023) and Landmine/ERW Casualties in Myanmar (2022)," November 2023; and Mine-Free Myanmar, "Over half of townships in Myanmar now reported as contaminated by mines/ERW," 15 September 2023.

၁၃၈။ Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," 20 July 2022.

၁၃၉။ Marwaan Macan-Markar, "Myanmar land mine danger grows as military rings Chinese assets," Nikkei Asia, 3 July 2023.

*ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအကျန်များ ပြန့်နှံ့မှု*

မြန်မာ့တပ်မတော်သည် ၂၀၂၁-၂၀၂၃ ခုနှစ်အတွင်း နိုင်ငံအနှံ့အပြားတွင် ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲ ဗုံးများအသုံးပြုခဲ့ကြောင်း Monitor အဖွဲ့က အစီရင်ခံတင်ပြထားသည်။ မြန်မာနိုင်ငံတွင်ထပ်ဆင့်ပေါက်ကွဲစေ စစ်လက်နက်ပစ္စည်းအကြွင်းအကျန် ရှိနေခြင်း သို့မဟုတ် ၎င်း၏အတိုင်းအတာကို မသိရပါ။[၁၄၀]

*တခြားပြန့်နှံ့မှုပုံစံ*

မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော စစ်လက်နက်ပစ္စည်းများအပါအဝင် ယခင်က ပဋိပက္ခများမှ စစ်အတွင်းကြွင်းကျန်ရစ်ခဲ့သည့် ပေါက်ကွဲစေသော ပစ္စည်းများ (ERW) ကြောင့် အသေအပျောက်များကြောင်း သိရသည်။[၁၄၁] သို့သော် ERW ပြန့်နှံ့မှု ပမာဏကို မသိနိုင်ပေ။

## ထိခိုက်သေဆုံးမှုများ

မြန်မာနိုင်ငံတွင် မိုင်း/ ERW ထိခိုက်သေဆုံးမှု အချက်အလက် စုဆောင်းရန် တရားဝင် ယန္တရား မရှိပါ။ ရနိုင်သောရင်းမြစ်များမှ စုဆောင်းထားသော အစီရင်ခံစာများသည် ထိခိုက်သေဆုံးမှုနှင့် ဖြစ်စဉ်အားလုံး၏ အတိုင်းအတာ အပြည့်အစုံကို ထင်ဟပ်နိုင်ဖွယ် မရှိပါ။

မြန်မာနိုင်ငံတွင် မိုင်း/ ERW ထိခိုက်သေဆုံးမှု စုစုပေါင်း အရေအတွက်ကို မည်သည့်အခါမှ မသိရသေးပါ။ Monitor သည် ၂၀၀၀ခုနှစ် မှ ၂၀၂၂ နှစ်ကုန်အကြား ထိခိုက်သေဆုံးမှု စုစုပေါင်း ၆၁၇၄ ဦး (၁၀၅၉ ဦး သေဆုံး၊ ၄၉၉၄ ဒဏ်ရာ၊ ၁၂၁ ဦး အကြောင်းရင်းမသိရ အသက်ရှင်ကျန်ရစ်သူ)ကို မှတ်တမ်းတင်ထားသည်။[၁၄၂]

**၂၀၁၈ ခုနှစ် - ၂၀၂၂ ခုနှစ်။ ၅ နှစ်အတွင်းစုစုပေါင်း ထိခိုက်သေဆုံးမှု**

| နှစ် | ဒဏ်ရာ | သေဆုံး | မသိရ | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၂၂ | ၁၆၁ | ၃၈၄ | 0 | ၅၄၅ |
| ၂၀၂၁ | ၂၅၇ | ၁၀၈ | ၃ | ၃၆၈ |
| ၂၀၂၀ | ၁၉၅ | ၈၅ | 0 | ၂၈၀ |
| ၂၀၁၉ | ၂၆၉ | ၁၃၅ | 0 | ၃၅၈ |
| ၂၀၁၈ | ၃၅၁ | ၁၃၅ | 0 | ၄၃၀ |

**၂၀၂၂ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှု**

| ဒဏ်ရာ | သေဆုံး | မသိရ | စုစုပေါင်း | ယမန်နှစ်မှ တိုးများလာမှု |
|---|---|---|---|---|
| ၁၆၁ | ၃၈၄ | ၁၃၅ | 0 | ၂၀၂၁ ခုနှစ်တွင် ၃၆၈ ဦးမှတိုးလာသည်။ |

၁၄၀။ Landmine and Cluster Munition Monitor, "Briefing Paper: Cluster Munition Production and Use in Myanmar/Burma," August 2023.

၁၄၁။ Phadu Tun Aung, "One woman dead and nine others injured after bomb explodes in Minbya," Myanmar Now, 12 January 2021; and "Un exploded WWII bombs discovered at central Myanmar sports ground," Coconuts Yangon, 30 September 2015.

၁၄၂။ Monitor casualty dataset for Myanmar.

**၂၀၂၂ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှု အချက်အလက်များ**

| အရွယ်ရောက် | ကျား | မ | မသိ |
|---|---|---|---|
| ၃၈၄ | ၃၁၂ | ၆၀ | ၁၂ |
| ကလေး | ကျား | မ | မသိ |
| ၁၂၄ | ၇၃ | ၂၆ | ၂၅ |

* ၂၀၂၂ ခုနှစ်တွင် မှတ်တမ်းတင်ထားသော နောက်ထပ်သေဆုံးသူ ၃၇ ဦးအတွက် အသက်နှင့် လိင်နှစ်မျိုးလုံးကို မသိရသေးပါ။

**၂၀၂၂ ခုနှစ်အတွင်း အရပ်သား ထိခိုက်သေဆုံးမှု**

| အရပ်သား | စစ်သား | မိုင်းဖော်သူ | မသိ |
|---|---|---|---|
| ၄၁၀ | ၁၃၅ | 0 | 0 |

**၂၀၂၂ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှုနှင့်ဆိုင်သော မိုင်းအမျိုးအစားများ**

| APM | AVM | လက်လုပ်မိုင်း | မိုင်းအမျိုးအစား အတိအကျမသိ | CMR | ERW | မသိ မိုင်း/ERW |
|---|---|---|---|---|---|---|
| ၄၂၁ | ၉ | ၉ | ၃၃ | 0 | ၇၁ | ၂ |

မှတ်ချက် - AMP - လူသတ်မိုင်း၊ AVM - ကားမိုင်း၊ CMR - ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းအကျန်များ၊ ERW - စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ

Monitor က ကောက်ယူရရှိသည့် ဒေတာများတွင် ထည့်သွင်းထားသော မြန်မာနိုင်ငံရှိ မိုင်းနှင့် ERW ဖြစ်စဉ်များအကြောင်း UNICEF ၏ အစီရင်ခံချက်အရ မြန်မာနိုင်ငံတွင် ထိခိုက်သေဆုံးမှုသည် ၂၀၂၃ ခုနှစ်တွင် သိသိသာသာ တိုးလာကြောင်း ညွှန်ပြနေသည်။ ယခုနှစ် ပထမလေးလအတွင်းတွင် စုစုပေါင်း ၃၈၈ ဦး သေဆုံးခဲ့ကြောင်း UNICEF မှ အစီရင်ခံခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် UNICEF က ထိခိုက် သေဆုံးမှု ၃၉၀ကို မှတ်တမ်းတင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ၂၈၄ ဦးမှ သိသိသာသာများလာခဲ့သည်။[၁၄၃]

*ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရမှုများ*

၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းများမှ တိုက်ရိုက် ထိခိုက်သေဆုံးမှုကိုလည်း ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အရပ်သား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုတိုက်ခိုက်မှုတွင် ထပ်ဆင့်ပေါက်ကွဲ ဗုံးအခွံများမှ ပေါက်ကွဲမှုအပိုင်းမဟုတ်သော ဗုံးအစများကို တွေ့ရှိခဲ့သည်။[၁၄၄]

၁၄၃။ UNICEF, "Myanmar Landmine/ERW Incidents Information: Factsheet (January–October 2022)," November 2022; and UNICEF, "Myanmar Landmine/ERW Incidents Information: Infographic (January – April 2023)," 8 June 2023.

၁၄၄။ Landmine and Cluster Munition Monitor, "Briefing Paper: Cluster Munition Production and Use in Myan-mar/Burma," August 2023.

## တာဝန်ခံညှိနှိုင်းဆောင်ရွက်မှု

မြန်မာနိုင်ငံအနှံ့အပြားတွင် ခရီးသွားလာခွင့် ကန့်သတ်ချက်များ၊ ခွင့်ပြုချက်များနှင့်ပတ်သတ်၍ ကန့်သတ်ချက်များ ရှိနေသော်လည်း မိုင်းအရေးဆောင်ရွက်သည့် ဝတ္တရားနယ်ပယ် (The Area of Responsibility) အဖွဲ့သည် မိုင်းဒဏ်သင့်လူမှု အသိုက်အဝန်းအား အန္တရာယ်ဆိုင်ရာအသိပညာပေးသည့်လုပ်ငန်းကို မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူ ၂၀၂၂ ခုနှစ်အတွင်း ညှိနှိုင်းတာဝန်ခံဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဝတ္တရားနယ်ပယ်အဖွဲ့သည် ၂၀၂၃ ခုနှစ် ကဏ္ဍစုံလိုအပ်ချက်လေ့လာအကဲဖြတ်မှုမှတဆင့် မိုင်းအရေး လုပ်ဆောင်မှု အစီအစဉ်ကို အားကောင်းစေမည့် ညွှန်းကိန်းများဖန်တီးရာတွင် REACHအဖွဲ့ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။[၁၄၅] မြန်မာနိုင်ငံအတွင်းရှိ မိုင်းအရေးညှိနှိုင်းဆောင်ရွက်မှု ယန္တရားများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှု စကတည်းက ရပ်ဆိုင်းခဲ့သည်။

## သက်ရောက်မှုများကို ဖြေရှင်းခြင်း

### မိုင်းရှင်းလင်းခြင်း

*၂၀၂၂ ခုနှစ်အတွင်း အရေးကြီးသော ဖြစ်ထွန်းမှုများ*

၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းရေး မလုပ်ဆောင်ခဲ့ပေ။ တပ်မတော်က ကရင်ပြည်နယ်တွင် ဒေသအလိုက် ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း အစီရင်ခံတင်ပြထားပြီး NSAG များကလည်း မကြာသေးမီနှစ်များအတွင်း ကြိုကြားကြိုကြား မိုင်းရှင်းလင်းရေး လုပ်ဆောင်ခဲ့သည်။

*စီမံခန့်ခွဲမှုနှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်မှု*

မြန်မာ့တပ်မတော်သည် မိုင်းရှင်းလင်းရေးတွင် တာဝန်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ခု ထူထောင်ရန် စဉ်းစားနည်းလမ်းရှာခဲ့သော်လည်း ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှု မတိုင်မီက ယင်းအဖွဲ့ကို ဖန်တီးခဲ့ခြင်း မရှိပေ။

၂၀၁၂ ခုနှစ်တွင် မြန်မာစစ်အစိုးရဟောင်းသည် မြန်မာငြိမ်းချမ်းရေးစင်တာအတွင်း မြန်မာ့မိုင်းအရေးလုပ်ရှားမှုဗဟိုဌာန (MMAC) ကို တည်ထောင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် MMAC သည် နိုင်ငံတွင်း လုပ်ကိုင်နေသော နိုင်ငံတကာ မိုင်းအရေး လုပ်ကိုင်သူများ၏ ပံ့ပိုးမှုဖြင့် အမျိုးသားမိုင်းအရေးဆိုင်ရာစံနှုန်းများကို မူကြမ်းရေးဆွဲခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲက NLD အာဏာရလာပြီးနောက် MMAC ကို ဖျက်သိမ်းခဲ့သည်။[၁၄၆]

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဒေသတွင်း မိုင်းလုပ်ရှားမှုဗဟိုဌာန (ARMAC) နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေပြီး အမျိုးသားအဆင့် မိုင်းအရေး အာဏာပိုင်အဖွဲ့တစ်ခု ပေါ်ပေါက်ရန် လိုအပ်သည့် အမျိုးသားဥပဒေတစ်ရပ်ကို စတင်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံက သတင်းထုတ်ပြန်ခဲ့သည်။[၁၄၇]

*ဥပဒေနှင့်စံချိန်စံနှုန်းများ*

မြန်မာနိုင်ငံတွင် တိကျသော မိုင်းအရေးဆောင်ရွက်မှုဥပဒေ သို့မဟုတ် အမျိုးသားအဆင့်စံနှုန်းများ မရှိပေ။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် မိုင်းရှင်းလင်းရေးအမျိုးသားအဆင့် စံချိန်စံညွှန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် အစီရင်ခံတင်ပြခဲ့သော်လည်း နောက်ဆက်တွဲလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးခြင်းမရှိပေ။[၁၄၈] မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော နိုင်ငံတကာအော်ပရေတာများသည် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မိုင်းသင့်ပြည်သူများ အကူအညီပေးရန် ၎င်းတို့၏ ကိုယ်ပိုင်စံနှုန်းများ

---

၁၄၅။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 3," 30 April 2023, p. 4.

၁၄၆။ Roger Fasth and Pascal Simon, "Mine Action In Myanmar," The Journal of ERW and Mine Action, Vol. 19, Issue 2, July 2015, p. 20.

၁၄၇။ Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo, 25–29 October 2019.

၁၄၈။ Statement of Myanmar, United Nations General Assembly (UNGA) First Committee on Disarmament and International Security, 74th Session, New York, 25 October 2019.

နှင့် အပြည်ပြည်ဆိုင်ရာ မိုင်းလှုပ်ရှားမှုဆိုင်ရာ စံနှုန်းများ (IMAS) ကို လိုက်နာဆောင်ရွက်ကြသည်။[၁၄၉]

*မဟာဗျူဟာများနှင့် မူဝါဒများ*

၂၀၂၂ နှစ်ကုန်ပိုင်းအထိ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု မိုင်းရှင်းလင်းရေးဗျူဟာ မရှိသေးသည့်အပြင် နိုင်ငံတွင်း မိုင်းရှင်းလင်းရေး လုပ်ဆောင်ရန် နိုင်ငံတကာ အော်ပရေတာများကို လုပ်ပိုင်ခွင့် မပေးပေ။

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အစိုးရနှင့် NSAG များအကြား အပြန်အလှန်ယုံကြည်မှု မတည်ဆောက်မီ မိုင်းရှင်းလင်းရေး စတင်ရန်မဖြစ်နိုင်ကြောင်း ပြည်ထောင်စုပူးတွဲစောင့်ကြည့်ရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးဝဏ္ဏအောင်က ပြောသည်။[၁၅၀] ၂၀၁၇ ခုနှစ် မေလတွင် ဗိုလ်မှူးကြီးအောင်သူမှ မြေမြှုပ်မိုင်းရှင်းလင်းရေးတွင် တပ်မတော်မှ ဦးဆောင်မည်ဟု သတင်းထွက်ပေါ်ခဲ့ပြီး နိုင်ငံတကာမှ နည်းပညာနှင့် ပစ္စည်းများ ပံ့ပိုးကူညီမှုကို လက်ခံမည်ဟုလည်း ပြောဆိုမှုများ ရှိခဲ့သည်။[၁၅၁]

*သတင်းအချက်အလက်စီမံခန့်ခွဲမှု*

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်မိုင်းဆိုင်ရာ အချက်အလက်သိုလှောင်ထားသည့် ဒေတာဘေ့စ် မရှိပါ။ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော အော်ပရေတာများသည် အန္တရာယ်ရှိသော ဒေသများဆိုင်ရာ အချက်အလက်များကို စုစည်းရန် အမျိုးသားအဆင့်သီးခြားလွတ်လပ်သောအဖွဲ့အစည်းမရှိသဖြင့် ၎င်းတို့၏ကိုယ်ပိုင် စစ်တမ်းရလဒ်များကို ထိန်းသိမ်းထားကြသည်။ မိုင်းအရေးဆောင်ရွက်နေသော ဝတ္တရားနယ်ပယ်  (The Area of Responsibility) အဖွဲ့သည် မိုင်းအရေးဆောင်ရွက်မှု ဗဟိုချုပ်ကိုင်မှုရှိသော ဒေတာဘေ့စ်တစ်ခုရှိရန် ထောက်ခံအားပေးခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် မိုင်းရှင်းလင်းမှု မရှိသည့်အခြေအနေတွင် အော်ပရေတာများက စုဆောင်းသော မိုင်းသင့်ပြည်သူဆိုင်ရာအကူအညီနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာရေးသည် ဦးစားပေးလုပ်ငန်း ဖြစ်နေဆဲပင်ဖြစ်သည်။[၁၅၂]

*ဂျန်ဒါနှင့်မတူကွဲပြားမှုများ*

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီ မြန်မာနိုင်ငံအစိုးရသည် မိုင်းလုပ်ငန်းစီမံချက်တွင် ဂျန်ဒါ အရေးပါမှုကို ကြိုဆိုခဲ့ကြောင်း သိရသည်။[၁၅၃]

*မိုင်းရှင်းလင်းရေး အော်ပရေတာများ*

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှာဖွေရေး လုပ်ငန်းများ စတင်ရောက်ရှိခဲ့သော်လည်း ၂၀၁၅ ခုနှစ်အထိ မိုင်းဆိုင်ရာ အချက်အလက် စစ်တမ်းကောက်ယူခွင့် အခွင့်အာဏာ မရှိသေးပေ။ အစိုးရ သို့မဟုတ် တိုင်းရင်းသားဒေသရှိ အာဏာပိုင်များသည် နည်းပညာဆိုင်ရာ စစ်တမ်းကောက်ယူခြင်း သို့မဟုတ် မိုင်းရှင်းလင်းခြင်း လုပ်ဆောင်သူများကို ခွင့်ပြုခြင်းမရှိခဲ့ပေ။ ၂၀၁၉ ခုနှစ် မှ ၂၀၂၁ ခုနှစ်တွင် တပ်မတော်နှင့် NSAGs တို့မှ ကြိုကြားကြိုကြား မိုင်းရှင်းလင်းမှုများရှိကြောင်း ကင်းရှင်းကြောင်း အစီရင်ခံခဲ့သည်။[၁၅၄] ၂၀၂၂ ခုနှစ်တွင် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကော့ကျေးရွာတွင် အစိုးရတပ်ဖွဲ့များက မိုင်းရှင်းလင်းရေး ဆောင်ရွက်သည်ဟု ပြောဆိုမှုများ ရှိခဲ့သည်။[၁၅၅]

---

၁၄၉။ ICBL-CMC, "Country Profile: Myanmar: Impact," updated 16 November 2021.

၁၅၀။ Ye Khaung Nyunt, "Standard operating procedures for commanders drafted at JMC-U," Global New Light of Myanmar, 20 January 2018, p. 7.

၁၅၁။ Ye Khaung Nyunt, "Second day of 10th Union Joint Monitoring Committee meeting in Yangon," Global New Light of Myanmar, 5 May 2017, p. 2.

၁၅၂။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 4," 31 May 2022, p. 4.

၁၅၃။ UN Mine Action Strategy 2019–2023, Inter-Agency Coordination Group on Mine Action Monitoring and Evaluation Mechanism, "Thematic Study on Gender and Diversity Mainstreaming in UN Mine Action – the Cases of Colombia and Myanmar," undated, p. 10.

၁၅၄။ ICBL-CMC, "Country Profile: Myanmar/Burma: Impact," updated 16 November 2021.

၁၅၅။ "Landmines, and fear of renewed clashes, keep Lay Kay Kaw residents from returning," Myanmar Now, 19 December 2022.

*မိုင်းကင်းစင်မြေ၊ လူသတ်မြေမြှုပ်မိုင်းများ*

၂၀၂၂ ခုနှစ်အတွင်း လူသားချင်းစာနာသော မိုင်းရှင်းလင်းမှု ဆောင်ရွက်ခဲ့ခြင်း မရှိပါ။

၂၀၂၃ အစောပိုင်းတွင် ကချင်ပြည်နယ်အတွင်း မိုင်းအရေးဆောင်ရွက်နေသော ဝတ္တရားနယ်ပယ် (The Area of Responsibility) အဖွဲ့သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ဒိန်းမတ် ဒုက္ခသည်များကောင်စီ၊ HALO Trust နှင့် မိုင်းအရေးအကြံပေးအဖွဲ့ (MAG) တို့နှင့်အတူ စစ်ပြေး ရှောင်ပြည်သူများပြန်လည်မည့်နေရာများတွင် မြေမြှုပ်မိုင်းရှိမရှိ လေ့လာအကဲခတ်ရန် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့သည်။[၁၅၆]

*မိုင်းကင်းစင်မြေ၊ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းအကျန်များ*

၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အကြွင်းအကျန်များ ရှင်းလင်းသွားသည်ဟူသော အစီရင်ခံခြင်း မရှိပါ။

*မိုင်းကင်းစင်မြေ၊ တခြားပေါက်ကွဲစေသော ပစ္စည်းများ*

၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ERW မှ ပြန့်နေသောမြေမှ ကင်းစင်သွားသည်ဟူသော အစီရင်ခံခြင်း မရှိခဲ့ပါ။

## မိုင်းအန္တရာယ်ပညာပေးလုပ်ငန်း

*၂၀၂၂ ခုနှစ်အတွင်းအရေးကြီးသော ဖြစ်ထွန်းမှုများ*

၂၀၂၂ ခုနှစ်အတွင်း မိုင်း/ERW ထိခိုက်သေဆုံးမှုများ သိသိသာသာ မြင့်တက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ဘက်နှင့် အနောက်မြောက်ဘက်တို့တွင် အဖွဲ့စုံပူးပေါင်းညှိနှိုင်းရေးအဖွဲ့သည် အစုအဖွဲ့ စနစ်တစ်ခုလုံးအတွင်း မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို အဓိကလုပ်ဆောင်ခဲ့သည်။

မိုင်းအန္တရာယ် ပညာပေးသင်တန်းများကို မိုင်းများများစားစာ ပျံ့နှံ့နေသည်ဟု တင်ပြချက်ရှိသော ကျေးရွာများ IDP စခန်းများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ဦးစားပေးလုပ်ဆောင်ခဲ့သည်။[၁၅၇] ၂၀၂၂ ခုနှစ်တွင် UNICEF သည် မြန်မာနိုင်ငံအတွက် အရေးပေါ် မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးကိရိယာများကို တီထွင်ခဲ့ပေးခဲ့သည်။ သုံးစွဲသူများအား မိုင်း/ERW ပျံ့နှံ့မှုမှ မည်ကဲ့သို့ လုံခြုံအောင်နေရမည်ကို သင်ကြားပေးမည့် မိုဘိုင်းအက်ပလီကေးရှင်းတစ်ခုလည်း ပါဝင်သည်။ UNICEF သည် လုံခြုံရေးဆိုင်ရာ သတင်းစကားများကို ဆိုရှယ်မီဒီယာကိုလည်းအသုံးပြု ဖြန့်ဝေခဲ့သည်။[၁၅၈]

၂၀၂၃ ခုနှစ် မေလတွင် ဆိုင်ကလုန်းမိုခါနှင့်တဆက်တည်းပါ ရေကြီးခြင်းကြောင့် မိုင်းနှင့် ERW များ နေရာ ပြောင်းသွားနိုင်သည့် အန္တရာယ်ပိုများစေခဲ့သည်။ ၂၀၂၃ ခုနှစ် မေလမှ ဖွန်လအထိ မှတ်တမ်းတင်မှုတွင် မိုင်းပေါက်ကွဲမှု ၆၀ ရာခိုင်နှုန်းခန့်သည် ဆိုင်ကလုန်းသင့်ဒေသများအတွင်းဖြစ်ခဲ့သည်ဟု UNICEF က အစီရင်ခံခဲ့သည်။[၁၅၉]

*စီမံခန့်ခွဲမှုနှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်မှု*

UNICEF ဦးဆောင်သော မိုင်းအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းကို မိုင်းအရေးဆောင်ရွက်သည့် ဝတ္တရားနယ်ပယ် (The Area of Responsibility) အဖွဲ့က ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံတွင် လုပ်ကိုင်နေသော မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများသည် ဒေသခံလူထုနှင့် တိုက်ရိုက် ချိတ်ဆက်ခဲ့သည်။

ဝေးလံခေါင်သီသော နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူနည်းစုများ အထူးသဖြင့် NSAG ထိန်းချုပ်နယ်မြေများတွင် သွားလာရေး ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ဝင်ရောက်ရန် ခက်ခဲနေဆဲဖြစ်သည်။ အဆိုပါအဖွဲ့များထံ ပိုမို

---

၁၅၆။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 3," 30 April 2023, p. 4.

၁၅၇။ NOCHA, "Humanitarian Response Plan: Myanmar: End-Year Report 2022," 11 April 2023.

၁၅၈။ Geneva International Centre for Humanitarian Demining (GICHD), "Explosive Ordnance Risk Education Advisory Group: Minutes of the EORE AG Meeting," 8 March 2022.

၁၅၉။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 4," 30 June 2023.

ကောင်းမွန်စွာရောက်ရှိရန် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) များသည် ပြည်တွင်းမိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။[၁၆၀]

*မိုင်းအန္တရာယ်ပညာပေးအော်ပရေတာများ*

၂၀၂၂ ခုနှစ်အတွင်း အစိုးရအဆင့်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွင်း ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် မိုင်းအန္တရာယ်အသိပညာပေးလုပ်ငန်းအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ယူခဲ့သည်။ ပညာရေးဝန်ကြီးဌာနက ကရင်ပြည်နယ်တွင် မိုင်းအန္တရာယ် အသိပညာပေး ဆောင်ရွက်ပေးခဲ့သည်။

အမျိုးသားအဆင့် မိုင်းအန္တရာယ် ပညာပေး လုပ်ငန်းများတွင် နိုင်ငံတွင်းရွှေ့ပြောင်းကရင်တိုင်းရင်းသားများကော်မတီ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့၊ ကချင်ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့၊ ကရင် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်၊ ကရင်နီ လူမှုဝန်ထမ်း နှင့် ဖွံ့ဖြိုးရေးဌာန၊ ကရင်တိုင်းရင်းသားဆရာများ အလုပ် အဖွဲ့၊ ဒေသခံ ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်၊ မြန်မာ နလုံးသား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MHDO)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ထာဝရမနက်ဖြန်၊ ငြိမ်း (ရှလုံ) ဖောင်ဒေးရှင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း လူငယ်စွမ်းရည်မြှင့်တင်ရေးဌာန၊ တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးနှင့် ဝမ်ပေါင်နိုင်ထွမ် အဖွဲ့များပါဝင်သည်။ ၂၀၂၂ ခုနှစ်တွင် ဤအဖွဲ့များအားလုံးသည် မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ခြင်း ရှိမရှိကို မသိရပါ။[၁၆၁]

မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော နိုင်ငံတကာ အန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများတွင် DanChurchAid (DCA)၊ ဒိန်းမတ်ဒုက္ခသည်ကောင်စီ၊ HALO Trust၊ Humanity & Inclusion (HI)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ Johanniter International Assistance (JOIN)၊ MAG၊ နော်ဝေ Church Aid (NCA)၊ People in Need နှင့် Relief International တို့ ဖြစ်သည်။[၁၆၂]

*အကူအညီရခဲ့သူများ အချက်အလက်*

**၂၀၂၂ ခုနှစ်အတွင်း အကူအညီရခဲ့သူများအချက်အလက်**[၁၆၃]

| အဖွဲ့အစည်း | ကျား | ယောကျာ်းလေး | မ | မိန်းကလေး | မသန်စွမ်း |
|---|---|---|---|---|---|
| Danish Refugee Council | 20,916 | 33,139 | 41,707 | 36,106 | 29 |
| HI | 3,182 | 318 | 3,948 | 345 | 92 |
| MAG | 18,999 | 25,228 | 26,406 | 27,726 | အစီရင်ခံခြင်းမရှိ |

၂၀၂၂ ခုနှစ် တွင် MAG သည် တစ်ဦးချင်းအကျိုးခံစားခွင့်ရှိသူ ၉၈၃၅၉ ဦးအား မိုင်းအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းကို ပို့ချပေးခဲ့ကြောင်း အစီရင်ခံခဲ့သည်။ ဒိန်းမတ်ဒုက္ခသည်ကောင်စီသည် မြန်မာနိုင်ငံတွင် စုစုပေါင်း ၁၃၁ ၈၆၈ ဦးသို့ အကူအညီရောက်ရှိခဲ့ပြီး HI သည် ပြည်သူ ၇၇၉၃ ဦးအထိ အကူအညီရောက်ရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံရှိ ICRC မှ ကြီးမှူးသော အစည်းအဝေးများတွင် အကျိုးခံစားခွင့်ရှိသူ ၅၇၃၀၂ ဦးသည် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမှုကို ရရှိခဲ့သည်။[၁၆၄]

၁၆၀။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.

၁၆၁။ ICBL-CMC, "Country Profile: Myanmar/Burma: Impact," updated 16 November 2021.

၁၆၂။ Ibid.

၁၆၃။ Responses to Monitor questionnaire by Kyaw Wunna Oo, Humanitarian Mine Action Manager, Danish Refugee Council, 26 June 2023; by Alexandra Letcher, Regional Armed Violence Reduction Specialist, HI, 10 July 2023; and by Camille Marie Regnault, Country Director, Mines Advisory Group (MAG), 15 July 2023.

၁၆၄။ ICRC, "Annual Report 2022," 29 June 2023, p. 298.

ယူနီဆက်ဖ် ဦးဆောင်သော မိုင်းအရေးဆောင်ရွက်သည့် ဝတ္တရားနယ်ပယ် (The Area of Responsibility) အဖွဲ့ အဆိုအရ မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်တွင် လူပေါင်း ၄၂၀၀၀၀ ကျော်သည် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေး မက်ဆေ့ချ်များကို လက်ခံရရှိခဲ့သည်ဟု သိရသည်။ ၎င်းလုပ်ငန်းသည် စိန်ခေါ်မှုများရှိနေသော်လည်း ၂၀၂၁ ခုနှစ်တွင် လက်ခံရရှိသူ ၁၉၄၅၃၀ ဦး နှင့် ၂၀၂၀ ခုနှစ်တွင် ၁၀၆၈၇၅ ဦးမှ တိုးလာမှုကို ဖော်ပြသည်။ ဤသို့သိသိသာသာ တိုးလာရခြင်းမှာ ဘေးကင်းရေး မက်ဆေ့ချ်များ ဖြန့်ဝေရန်နှင့် အန္တရာယ်ဆိုင်ရာ အသိပညာပေး မိုဘိုင်း အက်ပလီ ကေးရှင်းကို မိတ်ဆက်ခြင်း အပါအဝင် လူမှုမီဒီယာ ပလပ်ဖောင်းများကို အသုံးပြုပေးပို့မှု နည်းလမ်းအသစ်များကြောင့် ဖြစ်သည်။[၁၆၅]

*ပစ်မှတ်ထားအုပ်စုများ*

၂၀၂၂ ခုနှစ်တွင် IDPs များ၊ နေရပ်ပြန်သူများ နှင့် မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်သင့်လူမှုအသိုင်းအဝန်းများ သည် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးရေးအတွက် အရေးပါသော ပစ်မှတ်အုပ်စုများဖြစ်သည်။ အိုးအိမ်စွန့်ခွာပြည်သူများသည် စခန်းများ သို့မဟုတ် ခေတ္တတည်းခိုခွင့်ရသည့် လူမှုအသိုင်းအဝန်းများတွင် နေထိုင်ကြသော်လည်း မွေးမြူရေး၊ လယ်ယာမြေနှင့်ပိုင်ဆိုင်မှုများကို ပြန်ကြည့်ရန် ၎င်းတို့၏ကျေးရွာများသို့ ခေတ္တပြန်လာသည့်အခါများတွင် အန္တရာယ်ရှိသည်။ IDP စခန်းများအနီးရှိ မိုင်းသင့်နေရာများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ၎င်းတို့အတွက် အန္တရာယ်ရှိသည်။[၁၆၆]

ဖြစ်ရပ်အများစုတွင် ဒေသခံများသည် သတိပေး ဆိုင်းဘုတ်များနှင့် လတ်တလော မိုင်းခင်းထားမှု ဖော်ပြခြင်း မရှိခြင်းကြောင့် လုံခြုံမှုမရှိသောဒေသများနှင့်ပတ်သက်၍ အသိပညာ နည်းပါးကြသည်။[၁၆၇] သစ်တောနှင့် တောင်တန်းဒေသများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ကြသည့် ပြည်သူများသည် အဓိကပစ်မှတ်အုပ်စုများဖြစ်သည်။[၁၆၈] စီးပွားရေးလိုအပ်ချက်ကြောင့် ဝေးလံခေါင်သီသော ဒေသများတွင် အမဲလိုက် ခြင်းနှင့် အစားအစာရှာခြင်းတို့ကြောင့် အမျိုးသားများအတွက် မိုင်းအန္တရာယ်ရှိသည်။ အလုပ်ချိန်အတွင်း ကျေးရွာတွင် မရှိခြင်းတို့ကြောင့် အမျိုးသားများထံ လက်လှမ်းမီရန် အထူးခက်ခဲကြောင်း မိုင်းအန္တရာယ် ပညာပေးလုပ်ငန်း လုပ်ကိုင်သူများက အစီရင်ခံတင်ပြသည်။[၁၆၉] အထူးသဖြင့် NSAG ထိန်းချုပ် နယ်မြေများတွင် ကန့်သတ်ချက်များကြောင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသား လူနည်းစုများထံ ရောက်ရှိရန် ခက်ခဲနေဆဲဖြစ်သည်။[၁၇၀]

ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် IDP များ ပြန်လည်နေရာချထားသော သို့မဟုတ် ပြန်လည်ရောက်ရှိလာသည့် နေရာများတွင် ကလေးများအတွက် မိုင်း/ ERW ကြောင့် အန္တရာယ်အလွန်များသည်။ အချို့ IDP စခန်းများတွင် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးမှု ပံ့ပိုးရန် ကျောင်းဆရာ လုံလောက်မှု မရှိပေ။ ဘေးအန္တရာယ်ကင်းရှင်းရေး မက်ဆေ့ချ်အများစုကို ကျောင်းပြင်ပတွင်သာ ပေးခဲ့ရသည်။[၁၇၁] အထူးသဖြင့် အလှမ်းဝေးမှုနှင့် သင့်လျော်သော ရုပ်ဝတ္ထုပစ္စည်းများ မရှိခြင်းကြောင့် မသန်စွမ်းကလေးများထံ လက်လှမ်းမီရန် ခက်ခဲသည်။[၁၇၂]

*သင်ကြားရေးနည်းလမ်းများ*

အော်ပရေတာများကို မိုင်းရှင်းလင်းခြင်းလုပ်ဆောင်ရန် ခွင့်ပြုချက်မရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ် ပညာပေးခြင်းသည် သီးခြားလုပ်ဆောင်ရသည့် လုပ်ငန်းတစ်ခုဖြစ်နေသည်။ တစ်ခါတစ်ရံတွင် မိုင်းဒေတာ စစ်တမ်းနှင့် ပေါင်းစပ်ထားလေ့ရှိသည်။ လတ်တလောဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းကို ဒေသခံမိတ်ဖက်အဖွဲ့ အစည်းများမှတဆင့် ပို့ချပေးသည်။ Risk Education ဝန်ထမ်းများသည် ဒေသန္တရ ဘာသာစကားများစွာကို ကျွမ်းကျင်စွာတတ်မြောက်ရန် လိုအပ်ပြီး ဘာသာစကားနှင့် အကြောင်းအရာများသည် သက်ဆိုင်ရာ ဘာသာစကားနှင့် ယဉ်ကျေးမှု မတူကွဲပြားမှုများကို ထင်ဟပ်စေ

၁၆၅။ UNICEF, "Myanmar: Humanitarian Situation Report No. 12," 13 February 2023.

၁၆၆။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၆၇။ Responses to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 15 May 2020 and 31 August 2021.

၁၆၈။ Ibid.

၁၆၉။ Response to Monitor questionnaire by Kyaw Kyaw Oo, Operations Coordinator, Norwegian People's Aid (NPA) Myanmar, 18 March 2021.

၁၇၀။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.

၁၇၁။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၇၂။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.

သည်။[၁၇၃]

၂၀၂၂ ခုနှစ်အတွင်း လူချင်းဆွေးနွေးပွဲများနှင့် ပုံနှိပ်စာစောင်များ ဖြန့်ဖြူးခြင်းသည် မြန်မာနိုင်ငံတွင် အန္တရာယ်ဆိုင်ရာ ပညာပေးဝေငှခြင်း၏ အဓိကနည်းလမ်းအဖြစ် တည်ရှိနေခဲ့သည်။[၁၇၄] ရိုးရှင်းသော ဘာသာစကား၊ အသုံးပြုနိုင်သော ဖောင့်များနှင့် အရောင်များများဖြင့် ကလေးများနှင့် မသန်စွမ်းသူများ ပါဝင်နိုင်စေရန် HI မှ တီထွင်ဖန်တီးထားသည့် မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးပစ္စည်းများ၊ နှင့် မက်ဆေ့ချ်များကို ရေဒီယို အသံလွှင့်ရုံများမှ တဆင့် ဖြန့်ဝေခဲ့သည်။[၁၇၅]

HI သည် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝန်း မိုင်းအန္တရာယ်ပညာပေးစေတနာ့ဝန်ထမ်းများနှင့် မိတ်ဖက် အဖွဲ့အစည်းများအား မသန်စွမ်းသူများ အသိပညာပေးရေးနှင့် အားလုံးပါဝင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။[၁၇၆] ICRC သည် ပဋိပက္ခဒဏ်ခံရသော ကျေးရွာများနှင့် IDP စခန်းများသို့ မက်ဆေ့ချ် ပေးပို့နိုင်ရန် NSAG ထိန်းချုပ်နယ်မြေများရှိ မိုင်းအန္တရာယ်ပညာပေးစေတနာ့ဝန်ထမ်းများကို လေ့ကျင့်ပေးထားသည်။[၁၇၇]

မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးသင်တန်းများတွင် ဒေါ်ပရေတာများက ရွာသားများအား မိုင်းနှင့် ERW သံသယရှိပါက ဒေသအာဏာပိုင်များထံ သတင်းပို့ရန် ဆော်ဩခဲ့သည်။[၁၇၈]

## မိုင်းသင့်ပြည်သူအကူအညီ

*၂၀၂၂ ခုနှစ်အတွင်းအရေးကြီးသော ဖြစ်ထွန်းမှုများ*

၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဝန်ပိုပိခဲ့ရပြီး အချို့သောကျန်းမာရေးဌာနများ လုံးဝ ပျက်စီး ယိုယွင်းပျက်စီးသွားခဲ့သည်။[၁၇၉] ၂၀၂၂ ခုနှစ်တွင် မိုင်း/ ERW ထိခိုက်သေဆုံးမှုများ မြင့်တက်လာသဖြင့် ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ၊ လူမှုစီးပွားအထောက်အပံ့နှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရေး စွမ်းရည်သည် လုံလောက်မှုမရှိခဲ့ပေ။

*မိုင်းသင့်ပြည်သူပံ့ပိုးပေးသူများ*

မြန်မာနိုင်ငံတွင် အစိုးရ၏ အကူအညီပေးရေးလုပ်ငန်းများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပါဝင်သည်။
အမျိုးသားနှင့် ဒေသခံ ဒေါ်ပရေတာများတွင် နဒေါ်မြရီဖောင်ဒေးရှင်းနှင့် Jaipur Foot India၊ နိုင်ငံတွင်းရွှေ့ပြောင်း ကရင်တိုင်းရင်းသားများကော်မတီ၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဦးစီးဌာန၊ ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့၊ လူမှုစည်းလုံးညီညွတ်ရေးအတွက် ကရုဏာမစ်ရှင် နှင့် မြန်မာရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ အသင်း (MPHA)ပါဝင်သည်။

မြန်မာနိုင်ငံရှိ နိုင်ငံတကာမိုင်းသင့်ပြည်သူများအတွက် အကူအညီပေးရေး လုပ်ငန်းများတွင် Japan for Aid and Relief Japan (AAR-Japan)၊ Exceed Worldwide၊ HI၊ ICRC၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံအနာကြီးရောဂါမစ်ရှင်၊ ကမ္ဘာ့ပညာရေးအဖွဲ့ နှင့် UNHCR တို့ ပူးပေါင်း၍ ပါဝင်သည်။

---

၁၇၃။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.

၁၇၄။ Responses to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020; by Bekim Shala, Country Programme Manager, MAG, 25 May 2020; by Michael Hortia, Field Coordinator, HI Myanmar, 16 March 2021; and by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.

၁၇၅။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၇၆။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.

၁၇၇။ Response to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.

၁၇၈။ Response to Monitor questionnaire by Liam Harvey, Head of Programme, Danish Refugee Council Myanmar, 26 August 2021.

၁၇၉။ Insecurity Insight and Safeguarding Health in Conflict, "Myanmar: Violence Against Health Care in Conflict: 2022," 12 July 2023.

*ဆေးဝါးကုသမှုနှင့် ပြန်လည်ပြုစုပျိုးထောင်မှု*

မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးပညာသင်ကြားသည့် သမားတော် အနည်းငယ်သာရှိသည်။ ကျေးလက်ဒေသများတွင် အရေးပေါ် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာတင်ယာဉ်ဝန်ဆောင်မှုများ ချို့တဲ့လျက်ရှိပြီး မြို့ကြီးများတွင် ကျန်းမာရေး စောင့်ရှောက်မှုဌာနများသည် လုံလောက်သော အရေးပေါ်တုံ့ပြန်နိုင်စွမ်းမရှိကြပေ။ ဥပဒေအသစ်နှင့် မတရား ကန့်သတ်ချက်များသည် စေတနာဝန်ထမ်းအကူအညီပေးနေသည့်အဖွဲ့များ၏ လုပ်ငန်းဆောင်တာများကို အဟန့်အတား ဖြစ်စေပြီး မြန်မာနိုင်ငံရှိ မိုင်း/ ERW ဒုက္ခသည်များအတွက် ပံ့ပိုးကူညီမှုများကို အနှောင့်အယှက်ဖြစ်စေသည်။[၁၈၀]

ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများကို အထူးသဖြင့် ကျေးလက်ဒေသများတွင် မရရှိနိုင်ပါ။ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းများသည် လိုအပ်ချက်စုစုပေါင်း၏ ၁၀% သာ လောက်ငသည်။ စင်တာအများစုသည် မြို့ကြီးများတွင် တည်ရှိသောကြောင့် ကျေးလက်ဒေသများတွင်နေထိုင်သော မိုင်း/ERW သင့်ပြည်သူများအတွက် ခရီးသွားလာစရိတ် ကြီးမားသောကြောင့် သွားလာရန်အကန့်အသတ်ဖြစ်စေသည်။[၁၈၁] ခရီးသွားကန့်သတ်ချက်များ နှင့် အကြမ်းဖက်မှုကို ကြောက်ရွံ့ခြင်းများကြောင့်လည်း မိုင်းသင့်ပြည်သူများကို ဆေးခန်းများနှင့် ဆေးရုံများတွင် အကူအညီတောင်းခံရန် အဟန့်အတားဖြစ်စေသည်။

၂၀၂၂ ခုနှစ်တွင် ICRC သည် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများမှ လည်ပတ်နေသော ဆေးရုံများအပါအဝင် ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။[၁၈၂]

၂၀၂၂ ခုနှစ်တွင် ICRC သည် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများနှင့် မလုံခြုံမှုများကြောင့် ပံ့ပိုးပေးထားသော စင်တာများတွင် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ လျော့ချခဲ့သော်လည်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ရေးဝန်ဆောင်မှု ၅ ခုကိုတော့ ဆက်လက် ထောက်ပံ့ပေးခဲ့သည်။ ICRC ပံ့ပိုးပေးထားသော စင်တာတစ်ခုတည်းတွင်သာ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အကြံဉာဏ်ပေးခြင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ရရှိနိုင်ပါသည်။[၁၈၃]

၂၀၂၂ ခုနှစ်တွင် မိုင်း/ ERW သင့်ပြည်သူများအတွက် အထောက်အကူပစ္စည်းများကို ရွှေ့လျား အလုပ်ရုံဆွေးနွေးပွဲများမှ တစ်ဆင့် ပြုပြင်ခဲ့ပြီး ဒေသတွင်း ICRC မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ဆောင်နေသော နည်းပညာရှင်များက ပြန်လည်ပြင်ဆင်ခဲ့ပါသည်။[၁၈၄]

၂၀၂၁ ခုနှစ်တွင် HI သည် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာကုထုံး၊ အထောက်အကူပြု ကိရိယာများနှင့် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအပါအဝင် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်။[၁၈၅]

၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် နေထိုင်သည့် မိုင်း/ ERW အသက်ရှင်ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများအတွက် အလုပ်အကိုင်၊ စားနပ်ရိက္ခာနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ချို့တဲ့နေကြောင်း ထုတ်ပြန်ခဲ့သည်။[၁၈၆]

*လူမှုစီးပွားနှင့် စိတ်ပိုင်းဆိုင်ရာ ထည့်သွင်းမှု*

၂၀၂၂ ခုနှစ်တွင် ICRC သည် မိုင်း/ ERW သင့်ပြည်သူများ ပါဝင်နိုင်သော လက်လှမ်းမီနိုင်သော အားကစား လှုပ်ရှားမှုများကို ပံ့ပိုးပေးခဲ့သည်။[၁၈၇] မြန်မာနိုင်ငံရှိ မသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေရန် " လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာ

---

၁၈၀။ 'No remedy': A broken public health system fosters neglect and corruption," Frontier Myanmar, 8 August 2023; and "Junta tightens its grip on charities helping the dead and dying," Frontier Myanmar, 7 January 2023.

၁၈၁။ ICRC, "Physical Rehabilitation Programme: 2018 Annual Report," 15 June 2020, p. 45.

၁၈၂။ ICRC, "Annual Report 2022," 29 June 2023, pp. 296–298.

၁၈၃။ Ibid., p. 297.

၁၈၄။ Ibid., p. 300.

၁၈၅။ HI, "Myanmar has fallen in a deep humanitarian crisis," 31 January 2022.

၁၈၆။ "Disabled people at Arakan State's IDP camps in need of assistance," Development Media Group, 23 March 2023.

၁၈၇။ ICRC, "Annual Report 2022," 29 June 2023, p. 297.

အပြည့်အဝပါဝင်နိုင်စေရန်” ကမ္ဘာ့ပညာရေးအဖွဲ့ကြီးက ရပ်ရွာလူထုအခြေပြု လူသားအားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ပံ့ပိုးပေးခဲ့သည်။[၁၈၈]

*မသန်စွမ်းသူများပါဝင်ခြင်းဆိုင်ရာ ဥပဒေမူဘောင်များ သို့မဟုတ် မူဝါဒများ*

မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေ (၂၀၁၅) အရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ တရားဝင် တန်းတူအခွင့်အရေးနှင့် အခွင့်အလမ်းများ ရရှိခံစားခွင့်ရှိသည်။[၁၈၉] ဤဥပဒေသည် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသော်လည်း လက်တွေ့တွင် အဓိပ္ပာယ်ပြည့်ဝသော ပြဋ္ဌာန်းချက်မရှိသည့်အပြင် မိုင်း/ERWသင့်ပြည်သူများ အပါအဝင် မသန်စွမ်းသူများစွာသည် ခွဲ ခြားဆက်ဆံခြင်းကို ရင်ဆိုင်နေရဆဲဖြစ်သည်။[၁၉၀]

## မိုင်းအရေးအထောက်အပံ့

၂၀၂၂ ခုနှစ်တွင် အလှူရှင်ရှစ်ဦးသည် မိုင်းအရေးလုပ်ရှားမှုအတွက် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅.၁ သန်း လှူဒါန်းခဲ့သည်။ ၎င်းလှူဒါန်းမှုသည် ၂၀၂၁ ခုနှစ်တွင် ပံ့ပိုးပေးခဲ့သော စုစုပေါင်း အလှူငွေ ဒေါ်လာ ၆.၁ သန်းထက် ၁၆ % လျော့ကျသွားသည်။[၁၉၁]

နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) တို့မှတစ်ဆင့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများသည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိုင်းအချက်အလက်စစ်တမ်း၊ မိုင်းအန္တရာယ်အသိပညာပေးရေး၊ မိုင်းသင့် ပြည်သူအကူအညီနှင့် စွမ်းရည်တည်ဆောက်ရေး လုပ်ရှားမှုများအတွက် ပံ့ပိုးပေးခဲ့သည်။

---

၁၈၈။ World Education, “Annual Report 2022,” 18 April 2023, p. 5.

၁၈၉။ “People with disabilities call for more legal protections, employment opportunities,” Development Media Group, 3 December 2022.

၁၉၀။ United States (US) Department of State, Bureau of Democracy, Human Rights, and Labor, “2022 Country Reports on Human Rights Practices: Burma,” February 2023, p. 36.

၁၉၁။ Responses to Monitor questionnaire by Michal Adamowicz, Policy Officer, Conventional Arms Export Control, Disarmament, Non-Proliferation and Arms Export Control, European External Action Service (EEAS), 28 September 2023; by Yves Marek, Ambassador for Mine Clearance, France Ministry for Europe and Foreign Affairs, 21 September 2023; by Catarina Fabiansson, Senior Programme Manager, Swedish International Development Cooper-ation Agency (SIDA), 29 August 2023; and by Akifumi Fukuoka, Deputy Director, Conventional Arms Division, Japan Ministry of Foreign Affairs, 7 September 2023; Germany Mine Ban Treaty Article 7 Report (for calendar year 2022), Form J; Norway Mine Ban Treaty Article 7 Report (for calendar year 2022), pp. 3–4; United Kingdom (UK) Mine Ban Treaty Article 7 Report (for calendar year 2022), Form J; and Switzerland Convention on Cluster Munitions Article 7 Report (for calendar year 2022), Form I. See, Mine Ban Treaty Article 7 Database; and Convention on Cluster Munitions Article 7 Database.

**နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများ၊ ၂၀၂၂ ခုနှစ်**[၁၉၂]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံသုံးငွေ) | ပမာဏ (အမေရိကန်ဒေါ်လာ) |
|---|---|---|---|
| ဂျပန် | မိုင်းသင့်ပြည်သူအကူအညီ | ယန်း 299,584,000 | 2,278,918 |
| ဥရောပသမဂ္ဂ | စစ်တမ်း, EOD | ယူရို 750,000 | 790,050 |
| ဗြိတိန် | မိုင်းအန္တရာယ်ပညာပေး | ပေါင်စတာလင် 606,666 | 750,507 |
| ပြင်သစ် | စွမ်းရည်မြှင့်တင်၊ မိုင်းအန္တရာယ်ပညာပေး၊ မိုင်းသင့်ပြည်သူအကူအညီ | ယူရို 500,000 | 526,700 |
| ဆွစ်ဇာလန် | စည်းရုံးဟောပြော၊ မိုင်းအန္တရာယ်ပညာပေး၊ မိုင်းသင့်ပြည်သူအကူအညီ | ဆွစ်ဖရန့် 300,000 | 314,136 |
| ဂျာမဏီ | မိုင်းသင့်ပြည်သူအကူအညီ | ယူရို 225,000 | 237,015 |
| နော်ဝေ | ကဏ္ဍစုံ | နော်ဝေကရိုနာ 1,676,537 | 174,389 |
| ဆွီဒင် | မိုင်းရှင်းလင်း၊ စစ်တမ်း | ဆွီဒင်ကရိုနာ 640,000 | 63,255 |
| စုစုပေါင်း | - | အကျုံးမဝင် | 5,134,970 |

မှတ်ချက်။ EOD - ပေါက်ကွဲစေသောစွန့်ပစ်ပစ္စည်းများ။

## မိုင်းအရေးအတွက် ငါးနှစ်တာ ကူညီထောက်ပံ့မှု

၂၀၂၂ ခုနှစ်တွင် အလှူရှင်ရှစ်ဦးသည် မိုင်းအရေးလုပ်ရှားမှုအတွက် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅.၁ သန်း လှူဒါန်းခဲ့သည်။ ၎င်းလှူဒါန်းမှုသည် ၂၀၂၁ ခုနှစ်တွင် ပံ့ပိုးပေးခဲ့သော စုစုပေါင်း အလှူငွေ ဒေါ်လာ ၆.၁ သန်းထက် ၁၆ % လျော့ကျသွားသည်။ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) တို့မှတစ်ဆင့် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများသည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိုင်းအချက်အလက်စစ်တမ်း၊ မိုင်းအန္တရာယ်အသိပညာပေးရေး၊ မိုင်းသင့်ပြည်သူအကူအညီနှင့် စွမ်းရည်တည်ဆောက်ရေး လုပ်ရှားမှုများအတွက် ပံ့ပိုးပေးခဲ့သည်။

၂၀၁၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ပံ့ပိုးသောမိုင်းရာဖွေရေးအကူအညီသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်းကျော်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉ သန်းဖြစ်သည်ဟု သဘောသက်ရောက်သည်။

---

၁၉၂။ Average exchange rates for 2022: €1=US$1.0534; NOK9.6138=US$1; £1=US$1.2371; SEK10.1177=US$1; Yen 131.4589=US$1; and CHF0.9550=US$1. United States (US) Federal Reserve, "List of Exchange Rates (Annual)," 9 January 2023.

**နိုင်ငံတကာအကူအညီအကျဉ်းချုပ်၊ ၂၀၁၈ခုနှစ် - ၂၀၂၂ ခုနှစ်**[၁၉၃]

| **နှစ်** | **နိုင်ငံတကာအကူအညီ (US$)** |
|---|---|
| ၂၀၂၂ | 5,134,970 |
| ၂၀၂၁ | 6,100,000 |
| ၂၀၂၀ | 4,118,868 |
| ၂၀၁၉ | 6,275,838 |
| ၂၀၁၈ | 2,872,606 |
| စုစုပေါင်း | 24,502,281 |

၁၉၃။ ယခင်အစီရင်ခံစာကိုကြည့်။ Support for Mine Action country profiles. ICBL-CMC, "Country Profiles: Myanmar," undated; and ICBL, Landmine Monitor 2022 (ICBL-CMC: Geneva, November 2022).